သမဏာနဥ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၁၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၂၇)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ကြီးတိုးတက်သည်ထက်တိုးတက်အောင် အသိပညာရှင်၊အတတ်ပညာရှင်စွမ်းပကားအားထား ပြည်သူများ၏လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန် ဘက်စုံကဏ္ဍစုံကြိုးပမ်းစီမံဆောင်ရွက် အချိန်တိုအတွင်း တိုးတက်အောင်စွမ်းဆောင်နိုင်ခြင်းသည် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ် ဖြစ်ထွန်းလာသည့်ရလဒ်ကောင်းများမှတစ်ဆင့် ရည်မှန်းချက်ပြည့်မြောက်အောင်ဆက်လက်ကြိုးပမ်း

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ ဗိသုကာအသင်းက ကြီးမှူးကျင်းပသည့် အထပ်မြင့်အဆောက်အအုံများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲ (Seminar on Tall Buildings: A Challange for Myanmar Architects and Engineers) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (Myanmar ICT Park)၌ ကျင်းပရာ မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံဝင်းအတွင်း၌ တည်ဆောက်မည့် **Cyber Tower** အထပ်မြင့်အဆောက်အအုံပုံစံငယ်၊ အထပ်မြင့်အဆောက်အအုံများတွင် တပ်ဆင်အသုံးပြုသည့် ပစ္စည်းကိရိယာများ ပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် (၁၀ / ၂၀၀၄) အစည်းအဝေးကျင်းပ ကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်မှာကြား

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁၀/၂၀၀၄) တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၆

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁၀/၂၀၀၄) ကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အနော်ရထာရိပ်သာအစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်နှင့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ■

အမျိုးသားညီလာခံကို ကြိုဆိုပါ၏။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၁၇ ရက်)

အဓိကသီးနှံ ၁၀ မျိုး အထွက်တိုးရေး နည်းလမ်းလေးသွယ် အသုံးပြု၍ အားထုတ်စိုက်ပျိုး

နိုင်ငံတော်က ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေ တိုင်းရင်းသားများ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ချမှတ်ပေးထားပြီး ဗဟိုအဆင့်က လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်က ကျေးလက်ဒေသများ၏ ပညာရေးနှင့်ကျန်းမာရေး အဆင့်တိုးမြှင့်လာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်စီးပွားရေးကို အထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေ ရရှိရေးတို့အတွက် လိုအပ်သည် များကို ပံ့ပိုးစီမံပေးလျက်ရှိသည်။

နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မေလ ၈ ရက်နေ့နံနက်ပိုင်းက မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ တပ်တော်ဦးဘိုးရဟန်း အခြေခံပညာမူလတန်းကျောင်းနှင့် မြကျိုင်းတောင် အခြေခံပညာမူလတန်းကျောင်းများ၏ ကျောင်းဆောင်သစ်များဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် တည်ဆောက်လျက်ရှိသော လယ်မြေဧက ၁၂၀၀ အကျိုးပြုမည့် ဘီးလင်းမြို့နယ် ဝေ့တန်းရှည် ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဘီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာ၌ **နိုင်ငံတော်က ကျေးလက်ဒေသများ၏စီးပွားရေးကို အထောက်အကူဖြစ်စေရန် စိုက်ပျိုးရေးသီးနှံ ၁၀ မျိုး အထွက်တိုးရေး ပန်းတိုင် စီမံချက်ချမှတ်ပေးထားပြီးဖြစ်ရာ မြို့နယ်စိုက်ပျိုးရေး တာဝန်ရှိသူများက စီမံချက်ပါ ရည်မှန်းချက်များ အမှန်အောင်မြင်စေရန် နည်းပညာပံ့ပိုးပေးခြင်း၊ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ရရှိအောင် ဆောင်ရွက်ပေးခြင်း စသည့် ပံ့ပိုးဖြည့်ဆည်းပေးဖွယ်ရာများကို အလေးအနက်ထား ဆောင်ရွက်ပေးသွားကြရမှာ ဖြစ်ကြောင်း** မှာကြားခဲ့သည်။

မြို့နယ်ဌာနဆိုင်ရာများအနေဖြင့် မိမိမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ လူနေမှုအဆင့်မြင့်မားရေးအတွက် မိမိတို့ ဖြည့်ဆည်းပေးရမည့် အခြေအနေများကို ကျေးလက်များအထိ ကွင်းဆင်းလေ့လာပြီး ဆောင်ရွက်ပေးဖွယ်ရာများကို စီမံဖြည့်ဆည်းပေးကြရန် လိုပေသည်။

မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကော်မတီများ ဖွဲ့စည်းပေးထားပြီးဖြစ်ရာ မှန်ကန်သော ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုတို့ဖြင့် တက်ညီလက်ညီ စုပေါင်းကြိုးပမ်း အားထုတ်ဆောင်ရွက်ပေးသွားကြရမည် ဖြစ်သည်။

ထို့အပြင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြို့နယ်တိုင်းတွင် ဖွဲ့စည်းထားသည့် စေတနာ့ဝန်ထမ်း၊ လူမှုရေးအသင်းအဖွဲ့များ၏ အားကိုရယူလျက် ပူးပေါင်းဆောင်ရွက်ရန် လိုပေသည်။

သို့ဖြစ်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်ပြည်သူတို့၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရန် သီးနှံအလိုက် သတ်မှတ်ထားသည့် အထွက်နှုန်းရရှိစေရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ချမှတ်ပေးထားသော စိုက်နည်းစနစ် မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးများ ပြောင်းလဲသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာ ပေါင်းစပ်တိုးချဲ့ သုံးစွဲရေး၊ သီးနှံအလိုက် ရေတော်မိုးတော် စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေး ဟူသည့် နည်းလမ်းလေးသွယ်ကို အသုံးပြု၍ အဓိကသီးနှံ ၁၀မျိုး အထွက်တိုးရေး အားထုတ်စိုက်ပျိုး ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မေ ၁၅ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မီးရထားရပ်ကွက်၌ နဝမအကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ပူဇော်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် ဓမ္မာရုံဥက္ကဋ္ဌ ဦးရွှေလင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြစဉ်။ (က-ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထူးအထွက်တိုး စပ်မျိုးစပါး မျိုးစေ့ထုတ်နွေစပါးစံပြစိုက်ခင်းများ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် စစ်ဆေး၊ လိုအပ်သည်များ ဖြည့်ဆည်းပေး

ရန်ကုန် မေ ၁၆

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၃ ရက်နံနက်ပိုင်းက လားရှိုးမြို့နယ် ဟူးမွန်ဆည်ရေသောက် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး မျိုးစေ့ထုတ်နွေစပါးစံပြဧက ၁၂၀ စိုက်ခင်းသို့ရောက်ရှိပြီး လားရှိုးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်စိုက်ပျိုးလျက်ရှိသည့် ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး မျိုးစေ့ထုတ်နွေစပါးဧက ၄၀ စိုက်ခင်းသို့လည်းကောင်း၊ နယ်မြေခံတပ်ရင်းမှ ကြီးကြပ်စိုက်ပျိုးလျက်ရှိသည့် စပ်မျိုးစပါး မျိုးစေ့ထုတ်နွေစပါး စံပြဧက ၄၀ စိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လားရှိုးမြို့ ကိုယ်ပွားသတင်းစာတိုက်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ကိုယ်ပွားသတင်းစာတိုက်သို့ရောက်ရှိရာ ကိုယ်ပွားသတင်းစာတိုက်တာဝန်ခံ ဗိုလ်ကြီး ဇော်လွင်က သတင်းစာတိုက်အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးက ကိုယ်ပွားသတင်းစာတိုက် အတွင်း စက်ပစ္စည်းများတပ်ဆင်ပြီးစီးမှုနှင့် သတင်းစာတိုက် ပတ်ဝန်းကျင်တွင် နှစ်ရှည်သီးပင်စားပင်များ၊ အရိပ်ရပင်များ၊ သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မှာကြား

ယင်းနောက် တိုင်းမှူးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကြီးကြပ်စိုက်ပျိုးလျက် ရှိသည့် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး မျိုးစေ့ထုတ်နွေစပါး စံပြဧက ၄၀ စိုက်ခင်းသို့ရောက်ရှိပြီး စိုက်ခင်းအတွင်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် စပ်မျိုးစပါး အဖိုလိုင်းနှင့် အမလိုင်းများမှ စပါးနှံများထွက်ရှိနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့အဝင် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်သို့ ချဉ်းကပ်ကားလမ်းအသစ် ဖောက်လုပ်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိပြီး စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ထားကိုးကွယ်မည့် 'ဝိဇယမဟာအောင်မြေမင်္ဂလာကုန်းတော်'သို့ ရောက်ရှိပြီး အုတ်မြစ်စီလုပ်ငန်းနှင့် မဟာရံတံတိုင်း ကျောက်ကြီးစီခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၁ ရက်က ဘုရားဖြူကျောင်းတိုက် သုံးထပ်ကျောင်းဆောင် ဂန္ထကုဋိတိုက်အတွက် အမှတ်၂၊အခန်း ၇ အထက်ပုဇွန်တောင်လမ်းနေ မိခင်ကြီး ဒေါ်မြင့်မှိုကို အမှူးထား၍ မွေးနေ့ရှင် ဦးကျော်ကျော်-ဒေါ် ဖြူဖြူမြင့်၊ သမီး မပြုံးသီတာ၊ မောင်သူရမင်း၊ မပွင့်ခက်ဝေမိသားစုတို့က အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တိပိဋကဓရ အရှင်မြတ်များအား ဂုဏ်ပြုပူဇော်မည်

ရန်ကုန် မေ ၁၆

ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက ရက္ခိတအဖွဲ့မှ ၁၃၆၅ခုနှစ်(၅၆)ကြိမ်မြောက် တိပိဋကဓရ စာမေးပွဲကြီးတွင်အောင်မြင်တော်မူခဲ့သော တိပိဋကဓရတိပိဋကကောဝိဒ အရှင်သုန္ဒရအပါအဝင် ပိဋကစာအောင် သံဃာတော် ၃၈ ပါးနှင့် သာမဏေနှစ်ပါးတို့အား မေ ၂၃ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် တိပိဋကဓမ္မရက္ခိတဗိမာန် အမှတ် ၁၅ ကြားတောရလမ်း ဗဟန်းမြို့နယ်တွင် ကျင်းပမည့် ချီးကျူးဂုဏ်ပြုပူဇော်ပွဲသို့ ကြွရောက်ကြည်ညိုကြရန် ဖိတ်ကြားထားသည်။ တိပိဋက ဓမ္မရက္ခိတ အဖွဲ့နာယကကြီးများ၊ အကျိုးတော်ဆောင်များ၊ ရာသက်ပန်အဖွဲ့ဝင်များ၊ ဓမ္မမိတ်ဆွေများ၊အလှူရှင်များက ပူဇော်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လှူဒါန်းလိုပါက မေ ၂၁ရက် နောက်ဆုံးထား၍ ဖုန်း-၃၈၂၁၁၁ နှင့် ၂၄၈၂၂၄ တို့သို့ ဆက်သွယ် ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး မွမ်းမံပြင်ဆင်မှုစစ်ဆေး

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ရန်ကုန် မေ ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့ ရောက်ရှိကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။



ပူဇော်ကန်တော့

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဂုဏ်ထူးဆောင် ပါမောက္ခ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကအကျော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဒေါက်တာဉာဏိဿရအား ပူဇော်ကန်တော့ကြသည်။

ရှင်းလင်းမိန့်ကြား

ထို့နောက် သီတဂူဆရာတော် ဒေါက်တာဉာဏိဿရက ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံများ ကျင်းပခဲ့ပုံများနှင့် ပတ်သက်၍ ရှင်းလင်းမိန့်ကြားတော်မူသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ဂုဏ်ထူးဆောင်ပါမောက္ခ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကအကျော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တဒေါက်တာ ဉာဏိဿရက ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံများ ကျင်းပခဲ့ပုံနှင့်ပတ်သက်၍ ရှင်းလင်းမိန့်ကြားတော်မူစဉ်။

(သတင်းစဉ်)

ယင်းနောက် ဝန်ကြီးများနှင့် ဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ မြန်မာနိုင်ငံ၌ ကျင်းပရေးကြိုတင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားကြရာ သီတဂူဆရာတော် ဒေါက်တာဉာဏိဿရက သြဝါဒမိန့်ကြားတော်မူသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးအတွင်း မွမ်းမံပြင်ဆင်မှုလုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးမှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း မွမ်းမံပြင်ဆင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၁၀)ထုတ်ဝေ

ရန်ကုန် မေ ၁၆

နှစ်ပေါင်း ထောင်ချီဖြစ်တည် ရှင်သန်လာခဲ့သော ပြည်ထောင်စု မြန်မာတိုင်းရင်းသားတို့၏ စုစည်းညီညွတ်မှု နိမိတ်ပုံအလှနှင့် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း အနီးရှိ ကျောက်ကလပ် ပင်လယ်ကမ်းခြေမှ မြန်မာ့သဘာဝအလှတို့ကို ပုံရိပ်ထင်ထားသော မျက်နှာဖုံးဖြင့် ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၁၀) ကို ယနေ့ထုတ်ဝေလိုက်ကြောင်း သိရသည်။**(ယာပုံ)**

ဝံသာနုသတင်းလွှာတွင်မန္တလေး ကဆုန် ညောင်ရေသွန်းပွဲတော်၊ မကာအိုတွင် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကျင်းပ၊ ကုန်တင်လှေနစ်မြုပ်ရာတွင် ပါသွားသော ဘုရားဆင်းတုတော်အချို့ ပြန်လည်ဆယ်ယူရရှိ၊ မြန်မာကာတွန်း ရုပ်ရှင်သမိန်ပေါသွပ်လာပြီ၊ မြန်မာတွေ စည်းကမ်းရှိဖို့ အချိန်တန်ပြီ(၃) စသော ပြည်တွင်းသတင်းများနှင့် ဆောင်းပါးများအပါအဝင် အီရတ်အကျဉ်းသားများအားအမေရိကန်၊ ဗြိတိန်တပ်ဖွဲ့ဝင်တို့၏ လူမဆန်သော နှိပ်စက်ညှဉ်းပန်းမှု၊ အကြမ်းဖက် သမားကွန်ရက်၊ ထိုင်းနိုင်ငံတွင် နိုင်ငံ ကူးလက်မှတ် အတုလုပ်သူများ ဖမ်းဆီး၊ အာဖဂန်နစ္စတန်တွင် အမေရိကန် ဘောလုံးသမားသေဆုံး၊ အမှုများစွာ ရင်ဆိုင်နေရသော ပေါ့ပ်တေးဂီတ ဘုရင်၊ AIDS ရောဂါ တိုက်ဖျက်ရေး တွင် ဂျက်ကီချမ်း ပါဝင်စသည့် ပြည်ပသတင်းများဖြင့် ပြည်တွင်း ပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကိုဖော်ပြထားပြီး ဆင်တောင်ကြီး စာပေ အမှတ် ၄၁၊ ၂၉လမ်း ရန်ကုန်မြို့ကဖြန့်ချိကြောင်း သိရသည်။

(က-ပ)

ဆေးကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေးမည်

ရန်ကုန် မေ ၁၆

(၅၁)ကြိမ်မြောက် ဆရာဝန်ညီလာခံကို မန္တလေးမြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ညီလာခံအတွက် (၅၁) ကြိမ်မြောက် ဆရာဝန်ညီလာခံ ဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား မေ ၂၂ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ တွေ့ဆုံဆွေးနွေးမည် ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၇-၅-၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၀	၇။	ရန်ကုန်တိုင်း မဟူရာရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒ၊ ဓာတုဗေဒ အထူးပြုများ) (ဓာတုဗေဒ)
၁၇:၁၅	၆။	အကပဒေသာ
၁၇:၂၅	၇။	လက်ဆင့်ကမ်းပေး ဂီတတေး
၁၇:၃၅	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇:၅၀	၉။	ဆင်ဖြူရှင်တံတား
၁၈:၀၀	၁၀။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၈:၁၀	၁၁။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၈:၂၀	၁၂။	Discovery
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	အေးချမ်းဝေစည် ရှမ်းတို့ဌာနီ(အရှေ့ပိုင်း)
၁၉:၂၀	၁၆။	မွန်ရိုးရာဝတ်စားဆင်ယင်မှု
၁၉:၂၅	၁၇။	ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၃၅)
	၂၂။	**"ဘေးလူစကားနားထောင်ပြီးက"** (ကျော်သူ၊ ပြည်ခန့်၊ စုံမက်နှင်း၊ မေသူ) (ဒါရိုက်တာ-သက်တင်)
	၂၃။	နောက်တစ်နေ့အစီအစဉ်

အယ်လ်အန်ဘာပြည်နယ်နှင့် ဘဂ္ဂဒက်တွင် ပစ်ခတ်မှုများဖြစ်ပွား မရိန်းတပ်ဖွဲ့ဝင်တစ်ဦးနှင့် ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၁၄

အီရတ်နိုင်ငံအနောက်ဘက် အယ်လ်အန်ဘာပြည်နယ်တွင် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသည် ရရှိခဲ့သောဒဏ်ရာဖြင့် သေဆုံးသွားပြီး ဘဂ္ဂဒက်၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့က ကြာသပတေးနေ့၌ ကြေညာသည်။

ဘဂ္ဂဒက်တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခု ဗုဒ္ဓဟူးနေ့၌ လက်လုပ်ဖောက်ခွဲရေးပစ္စည်းတစ်ခု ပေါက်ကွဲထိမှန်သဖြင့် တပ်ဖွဲ့ဝင်တစ်ဦးသေပြီး အခြားတစ်ဦးဒဏ်ရာရကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ကြေညာချက်၌ ဖော်ပြထားသည်။

ဖော်ပြ

အမေရိကန် စစ်ဘက်ဆိုင်ရာက သီးခြားထုတ်ပြန်သော ကြေညာချက်တွင် အမှတ်(၁)မရိန်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးသည် အယ်လ်အန်ဘာပြည်နယ်တွင် လုံခြုံရေးနှင့် တည်ငြိမ်ရေးရခဲ့သည်ဟု ဖော်ပြထားသည်။

ကြီးမား

ယင်းကြေညာချက်၌ အဆိုပါ မရိန်းတပ်ဖွဲ့ဝင် မည်သို့ဒဏ်ရာရသည်ကို ဖော်ပြမထားဘဲ နောက်ထပ်အသေးစိတ်ထုတ်ပြန်ခြင်းသည် မိမိတို့တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်ကြီးမားကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။ **(အင်တာနက်)**



ပါကစ္စတန်နိုင်ငံ အစ္စလမ်မ္မာဘတ်မြို့ရှိ ကုလသမဂ္ဂရုံး အဆောက်အအုံအပြင်ဘက်တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသူတစ်ဦးကို မေ ၁၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း

နိုင်ငံတကာသတင်းများ

ကျူးကျော်ထားသောနယ်မြေများတွင် ငြိမ်းချမ်းရေးထိန်းသိမ်းသည့်အဖွဲ့ထားရှိရေး ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ဝန်ကြီးအဆင့်အစည်းအဝေးက တိုက်တွန်း

ကွာလာလမ်ပူ မေ ၁၄

အရှေ့ဂျေရုဆလင်အပါအဝင် အခြားသိမ်းပိုက်ထားသောနယ်မြေများတွင် ငြိမ်းချမ်းရေးထိန်းသိမ်းသည့်အဖွဲ့ ထူထောင်ရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ပါလက်စတိုင်းဆိုင်ရာ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးအဆင့်အစည်းအဝေးက အခိုင်အမာတိုက်တွန်းလိုက်သည်။

ကြာသပတေးနေ့တွင် ကျင်းပခဲ့သော ယင်းအစည်းအဝေးက အချက်ကိုးချက်ပါ ကြေညာချက် ထုတ်ပြန်ခဲ့ရာ ဆီလျော်သော လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များအားလုံးကို လိုက်နာရန် ဝန်ကြီးများက တိုက်တွန်းလိုက်ပြီး လက်ရှိ အကျိုးဆက်များကို သုံးသပ်ရာတွင် ပြီးပြည့်စုံသော လုံခြုံရေးကောင်စီဆုံးဖြတ်ချက်၏ အရေးကြီးပုံနှင့် အသုံးဝင်မှုကို ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

အဖွဲ့ဝင် ၁၁၇ နိုင်ငံပါရှိသော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့(အင်အေအမ်)သည် စစ်အေးလွန်ကာလ၌ သိသာထူးခြားသော အခန်းကဏ္ဍကို လှုပ်ရှားဆောင်ရွက်ခဲ့သည်။

တိုက်တွန်း

ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့သည် နိုင်ငံတကာဆိုင်ရာ ဥပဒေချိုးဖောက်မှုအပြင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းမှုနှင့်စပ်လျဉ်းသော ကုလသမဂ္ဂပဋိညာဉ်စာတမ်းအရ လုံခြုံရေးကောင်စီအနေဖြင့် ၎င်း၏တာဝန်များကို အပြည့်အဝဖြည့်ဆည်းဆောင်ရွက်ရန် တိုက်တွန်းလိုက်သည်။

အကြံပြု

အစောပိုင်း၌ပြုလုပ်သော ဖွင့်ပွဲအခမ်းအနားတွင် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက မိန့်ခွန်းပြောကြားရာ၌ ကမ္ဘာ့အဖွဲ့အစည်းအနေဖြင့် အခြေအနေကိုစောင့်ကြပ်ရန်၊ တင်းမာမှုကို ပြေလျော့ရန်၊ ပါလက်စတိုင်း၊ အစ္စရေး ပဋိပက္ခတွင် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိန်းသိမ်းရန်အတွက် နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်းကို ထူထောင်ထားရှိရန် အကြံပြုတိုက်တွန်းလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကန်တို့ပစ်ခတ်၍ သေဆုံးရသူတို့၏မိသားစုများ လျော်ကြေးတောင်းဆိုသော်လည်း ကန်တို့မပေး

ဘဂ္ဂဒက် မေ ၁၄

အမေရိကန်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုများကြောင့် အီရတ်နိုင်ငံတွင် အရပ်သားများသေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများလာကြောင်း သိရသည်။

သို့ရာတွင် သေဆုံးသူများနှင့် ဒဏ်ရာရရှိသူအများစု၏ မိသားစုများသည် လျော်ကြေးငွေများမရရှိကြောင်း ဘဂ္ဂဒက်မြို့ရှိ ဒေသခံများက ပြောကြားနေကြသည်။

ပေးခြင်းမရှိ

ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးရပ်ကွက်တွင်နေထိုင်သူ ၁၃နှစ်အရွယ် ကလေးငယ်တစ်ဦးသည် လွန်ခဲ့သောလက အမေရိကန်တပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် ခြေထောက်တွင် ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းမိခင်က လျော်ကြေးငွေပေးရန် တောင်းဆိုသော်လည်း အမေရိကန်တို့က ပေးခြင်းမရှိခဲ့သည့်အတွက် ၎င်းကလေးငယ်သည် ယခုထိ ချိုင်းထောက်ဖြင့် လမ်းလျှောက်နေရကြောင်း သိရသည်။

ဖွဲ့စည်း

ဘဂ္ဂဒက်မြို့ရှိ ဒဏ်ရာရရှိသူ အရပ်သားများ ပူးပေါင်းကာ အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

၎င်းအဖွဲ့မှ လျော်ကြေးငွေရရှိရေးအတွက် တောင်းဆိုမှုပေါင်း ၁၀၀၀ ကို တောင်းဆိုခဲ့သော်လည်း အမေရိကန်တို့ဘက်မှ တောင်းဆိုမှု ၂၀ ကိုသာပေးခဲ့ကြောင်းသိရသည်။ ထို့အပြင် အမေရိကန်တပ်ဖွဲ့က တောင်းဆိုမှုများနှင့်ပတ်သက်၍ ချမှတ်ထားသော စည်းမျဉ်းများသည် လိုက်နာရန်ခက်ခဲကြောင်း သိရသည်။ အီရတ်ဒုက္ခသည်များ၏ လျော်ကြေးငွေတောင်းခံသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အမေရိကန်တို့ဘက်မှ သုံးသပ်မှုများပြုလုပ်ရန် တောင်းဆိုမှုများ မြင့်တက်လာနေကြောင်း သိရသည်။

(အင်န်အိပ်ချ်ကေ)

ဘဂ္ဂဒက်မြို့ရှိ အဘူဂါရိပ် အကျဉ်းစခန်းအပြင်ဘက်၌ လမ်းပိတ်ဆို့၍ လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို မေ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့လယ်၌ ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်ခံရ ဒုံးကျည်တစ်လုံး ရေနံဝန်ကြီးဌာနရှေ့ ကျရောက်ပေါက်ကွဲ

ဘဂ္ဂဒက် မေ ၁၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် ကြာသပတေးနေ့က ဒုံးကျည်နှစ်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဒုံးကျည်တစ်လုံးမှာ ကာရာဒါအရပ်ဈေးဆိုင်များဘေးရှိ သုံးထပ်အဆောက်အအုံကိုထိမှန်ခဲ့ပြီး အဆောက်အအုံ အနည်းငယ်ပျက်စီးသွားကာ ပြတင်းပေါက်မှန်များလည်း ကွဲသွားခဲ့သည်။

ကျရောက်

ထိုသို့ဖြစ်ပွားရာနေရာတွင် အခြားနိုင်ငံများမှ သံရုံးများရှိကြောင်းနှင့် ထိုသို့ပစ်ခတ်တိုက်ခိုက်ချိန်တွင် ဒုံးကျည်ထိမှန်ရာ အဆောက်အအုံဘေးရှိ အဆောက်အအုံထဲမှ ကလေးငယ်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းအချိန်မှာပင် နောက်ထပ် ဒုံးကျည်တစ်လုံးသည် ကာရာဒါအရပ်မှ တစ်ကီလိုမီတာအဝေးရှိ ရေနံဝန်ကြီးဌာနရှေ့ကို ကျရောက်ခဲ့သည်။ ၎င်းသည် နိုင်ငံတကာကြက်ခြေနီအဖွဲ့ရုံး၏ဘေးတွင် တည်ရှိသည်။

ထိုသို့ဖြစ်ပွားရာနေရာသို့ ရောက်ရှိလာသော ကားတစ်စီးမှယာဉ်မောင်းသူလည်း ဒဏ်ရာရရှိခဲ့သည်။ ထိုသို့အကြမ်းဖက်တိုက်ခိုက်မှုများ၏ ခြိမ်းခြောက်မှုများကြောင့် ဘဂ္ဂဒက်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် အဓိကနေရာများတွင် လုံခြုံရေးကို တိုးမြှင့်ထားသည်။ **(အင်န်အိပ်ချ်ကေ)**

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

ငြိမ်းချမ်းရေးလိုလားလျှင် အမေရိကန်တို့ အိမ်ပြန်သင့်

အီရတ်တပ်ဖွဲ့ကို ဦးဆောင်သော ဗိုလ်ချုပ်ကြီး မိုဟာမက်လာတစ်ဖ် ပြောကြား

ဖော်လူဂျာ မေ ၁၅

အမေရိကန်တပ်မှူးများခန့်ထားသည့် အီရတ်တပ်ဖွဲ့ကိုဦးဆောင်နေသော အီရတ်ဗိုလ်ချုပ်ကြီး မိုဟာမက်လာတစ်ဖ်က ပြောက်ကျားများကို လက်နက်ဖြုတ်သိမ်းရန်အစီအစဉ် မိမိ၌မရှိခဲ့ကြောင်း ပြောကြားလိုက်သည်။

လာတစ်ဖ်သည် ပြောက်ကျားများအား လက်နက်ဖြုတ်သိမ်းရန် သူ့အားခန့်ထားခဲ့သည့် အမေရိကန်တပ်မှူးများ၏ တောင်းဆိုချက်ကို အာခံလိုက်ခြင်းဖြစ်သည်။

အိမ်ပြန်သင့်

မိုဟာမက်လာတစ်ဖ်အား ကြာသပတေးနေ့၌ ရိုက်တာက တွေ့ဆုံရာ၌ အမေရိကန်တပ်ဖွဲ့ဝင်တို့ ငြိမ်းချမ်းရေးလိုလားသည်ဆိုလျှင် အိမ်ပြန်သင့်ကြောင်း ကြာသပတေးနေ့ညက ပြောကြားခဲ့သည်။

လက်နက်များသည် ပြဿနာမဟုတ်ကြောင်း၊ လက်နက်များကို အလွယ်တကူစုဆောင်းရရှိနိုင်ကြောင်း၊ လိုအပ်သည်မှာ တိုင်းပြည်ပြန်လည်တည်ဆောက်ရေးဖြစ်ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များ မလိုအပ်ကြောင်း လာတစ်ဖ်က ပြောဆိုသည်။

ဖော်လူဂျာကိုဝိုင်းထားသော မရိန်းတပ်ဖွဲ့၏တပ်မှူး ဗိုလ်မှူးချုပ် လာတစ်ဖ်သည် ဂျိမ်းစ်မက်တစ်စ်နှင့် အချိန်အတော်ကြာဆွေးနွေးပြီးနောက် ထိုသို့ ဝေဖန်ပြောကြားခြင်းဖြစ်သည်။

၎င်းတို့နှစ်ဦးသည် ဖော်လူဂျာကို မည်သို့ဆောင်ရွက်မည်ဆိုခြင်းနှင့်စပ်လျဉ်း၍ သဘောကွဲကြပုံရသည်။

အမ်အင်အေ၊ရိုက်တာ

ကန်တို့ကို ဆက်လက်ဆန့်ကျင်နေမည်ဟု အီရတ်ခေါင်းဆောင် ဆာဒါပြောကြား

နာဂျက်ဖ် မေ ၁၄

အီရတ်ခေါင်းဆောင် မူတာဒါအယ်လ်ဆာဒါသည် ၎င်း၏တပ်ဖွဲ့ကိုဖျက်သိမ်းရန် အစီအစဉ်ရှိသော်လည်း အမေရိကန်တပ်ဖွဲ့များကို ဆက်လက်ဆန့်ကျင် တိုက်ခိုက်နေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗုဒ္ဓဟူးနေ့က နာဂျက်ဖ်မြို့တွင်ပြုလုပ်သော ဟောပြောပွဲတွင် အယ်လ်ဆာဒါက ၎င်း၏တပ်ဖွဲ့များသည် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များကို အောင်မြင်နိုင်သော်လည်း ခေါင်းဆောင်များက ၎င်း၏တပ်ဖွဲ့ကို ဖျက်သိမ်းရန် အမိန့်ချလျှင် လိုက်နာမည်ဖြစ်ကြောင်း ပြောကြားသည်။

နာဂျက်ဖ်မြို့ ပဋိပက္ခပြေငြိမ်းရေးအတွက် ဒေသခံခေါင်းဆောင်များသည် မိုတာဒါအယ်လ်ဆာဒါ၏လက်ထောက်နှင့် စေ့စပ်ဆွေးနွေးလျက်ရှိသည်။ **(အင်န်အိပ်ချ်ကေ)**

ပြန်လည်ပစ်ခတ်

ကာဘာလာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်လည်ပစ်ခတ်နေသော အီရတ်ပြောက်ကျားတစ်ဦးကို မေ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

၂၀၀၃မတ်လမှစပြီး သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၇၈၂ဦးရှိပြီ

ဘဂ္ဂဒက် မေ ၁၅

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် ၂၄နာရီအတွင်းဖြစ်ပွားခဲ့သော ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်တပ်ဖွဲ့ဝင်များကို သီးခြားတိုက်ခိုက်မှုများတွင် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး အီရတ်အရပ်သားလေးဦး သေဆုံးခဲ့ကြောင်း အပေါင်းပါတပ်ဖွဲ့များနှင့် အီရတ်ရဲအဖွဲ့သတင်းရပ်ကွက်များက ပြောကြားချက်အရ သိရသည်။

အခြား အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးလည်း သေဆုံးခဲ့သော်လည်း တိုက်ပွဲအတွင်း သေဆုံးခြင်းမဟုတ်ကြောင်း သိရသည်။

သေဆုံး

စနေနေ့ည သန်းခေါင်ကျော်ပြီးနောက် ကင်းလှည့်တပ်ဖွဲ့ကို တိုက်ခိုက်စဉ် ယာဉ်မတော်တဆမှုဖြစ်ကာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ခြင်းဖြစ်ပြီး အခြားတစ်ဦးမှာ သဘာဝအလျောက် သေဆုံးခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုသေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်များနှင့်ဆိုလျှင် ၂၀၀၃ခုနှစ်မတ်လ စစ်ပွဲဖြစ်ပွားခဲ့ချိန်မှစပြီး သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၈၂ဦးဖြစ်ရာ ၅၇၀ မှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၁၂ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ အီရတ်ပြောက်ကျားတို့တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှု တစ်နေ့တခြားတိုးတက်များပြားလျက်ရှိသည်။ **(အင်တာနက်)**

အမေရိကန်တို့၏ ရက်စက်သည့်လုပ်ရပ် အာရပ်အဖွဲ့ချုပ်အကြီးအကဲ ရှုတ်ချ

ကိုင်ရို မေ ၁၄

အီရတ်အကျဉ်းသားတို့အား အမေရိကန်တို့က ညှဉ်းပန်းနှိပ်စက်မှုကြောင့် သိက္ခာကျဆင်းမှုကို ပြန်လည်အဖတ်ဆယ်နိုင်ရန် အမေရိကန်တို့ ကြိုးစားနေကြောင်း သိရသည်။

ယင်းကိစ္စရပ်နှင့်ပတ်သက်သည့် သတင်းဓာတ်ပုံ၊ ဗီဒီယိုတိပ်များ ဆက်လက်ထုတ်ပြန်သင့်မသင့်ကို ဝါရှင်တန်၌ အချေအတင် ဆွေးနွေးနေဆဲဖြစ်ပြီး ထိုလုပ်ရပ်ကို တစ်ကမ္ဘာလုံးက ပြစ်တင်ရှုတ်ချခဲ့ကြသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ၏ လူမဆန်သည့်အရှက်မဲ့သောလုပ်ရပ် ဓာတ်ပုံများကို မိမိတို့တွေ့မြင်ပြီးဖြစ်ကြောင်း၊ မိမိတို့အမြင်၌ အမေရိကန်တို့သည် ကျူးကျော်သူများဖြစ်သည်ဟု အီဂျစ်တို့က ပြောကြားသည်။

အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့ဝင်များ၏ ရက်စက်သည့်လုပ်ရပ်ကို အာရပ်အဖွဲ့ချုပ်အကြီးအကဲက ရှုတ်ချခဲ့ပြီး ထိုပုံများကိုအာရပ်ရုပ်သံများပေါ်၌ ထုတ်လွှင့်ပြသခဲ့ကာ အကျိုးရလဒ်အဖြစ် အာရပ်ကမ္ဘာတွင် အမေရိကန်မုန်းတီးရေး စိတ်ဓာတ်များ မြင့်တက်လာသည်။

(စီအင်န်အင်န်)

နာဂျက်ဖ်ရှိ ကန်နှင့်အပေါင်းပါတို့၏ အရပ်ဘက်အုပ်ချုပ်ရေးရုံး ဒုံးပစ်လောင်ချာများဖြင့် ပြောက်ကျားတို့ပစ်ခတ်တိုက်ခိုက်

ဘဂ္ဂဒက် မေ ၁၅

အီရတ်ပြောက်ကျားများသည် အီရတ်တောင်ပိုင်း နာဆီရီယာမြို့ရှိ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၏ အရပ်ဘက်အုပ်ချုပ်ရေးရုံးကို ဒုံးပစ်လောင်ချာ အနည်းဆုံးငါးခုဖြင့် သောကြာနေ့က ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ထိုအဆောက်အအုံထဲရှိ အရာရှိတစ်ဦးက ပြောကြားသည်။

အီတလီတပ်ဖွဲ့ဝင်များနှင့် ဖိလစ်ပိုင်လုံခြုံရေးအစောင့်တပ်ဖွဲ့ဝင်များသည် ပြောက်ကျားတို့နှင့် အပြန်အလှန်တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း နာဆီရီယာရှိ အပေါင်းပါတပ်ဖွဲ့ပြောခွင့်ရှိသူ အန်ဒရီအန်ဂျီလီကပြောကြားသည်။

မိမိအပါအဝင် အဆောက်အအုံထဲ၌ နိုင်ငံတကာဆိုင်ရာ အမှုထမ်း ၂၀ ခန့် ပိတ်မိနေခဲ့ကြောင်း အီတလီသတင်းထောက်လေးဦးလည်း မိမိတို့နှင့်အတူ ပိတ်မိခဲ့ကြောင်း ၎င်းကပြောကြားသော်လည်း ထိခိုက်သေဆုံးမှုသတင်းကို ပြောကြားခြင်းမရှိပေ။

ဖြစ်ပွား

အီတလီတပ်ဖွဲ့ဝင်များသည် နာဆီရီယာမြို့ လုံခြုံရေးကို တာဝန်ယူထားရပြီး အယ်လ်ဆာဒါ၏ ပြောက်ကျားတို့နှင့် ကြိုကြားကြိုကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်မှလူအချို့ ရေကြောင့်အဆိပ်သင့်

ဘဂ္ဂဒက် မေ ၁၅

ဘဂ္ဂဒက်တောင်ပိုင်းရှိ မာဒါအင် ရပ်ကွက်တွင် အီရတ်လူမျိုး ၃၀၀ ကျော်သည် သောက်သုံးရေညစ်ညမ်းမှုကြောင့် အဆိပ်သင့်ခံကြရသည်ဟု အက်ဇ်ဇာမန်းသတင်းစာက ကြာသပတေးနေ့၌ ရေးသားဖော်ပြသည်။

လွန်ခဲ့သည့် လအနည်းငယ်အတွင်း သောက်သုံးရေညစ်ညမ်းမှုကြောင့် အဆိပ်သင့်မှု အများအပြားဖြစ်ပွားခဲ့ကြောင်း၊ ရေမြောင်းများနှင့် မြစ်များအတွင်းသို့ လူများက အဆိပ်ရှိသောပစ္စည်းများ စွန့်ပစ်ရာမှ ရေများညစ်ညမ်းမှုဖြစ်ခဲ့ရကြောင်း သတင်းစာက ရေးသားသည်။

ဒီယာလာမြစ်မှ ရရှိသော မိမိတို့အိမ်များ၌သုံးနေသည့် သောက်ရေတွင် စက်မှုစွန့်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများဖြင့် အလွန်ညစ်ညမ်း ကြောင်း မြူနီစီပယ် ဥက္ကဋ္ဌက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် အာဆင်နယ်အသင်း၏ နောက်ဆုံးပွဲစဉ်အဖြစ် ဟိုက်ဘူရီကွင်း၌ မေ ၁၅ရက်က အာဆင်နယ်နှင့် လက်စတာစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ အာဆင်နယ်မှ ပက်ထရစ်ဗီယာရာ ဂိုးသွင်းစဉ်။

(ယင်းပွဲတွင် အာဆင်နယ်က နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် ပရီမီယာလိဂ်ဘောလုံးပွဲတွင် ရှုံးပွဲမရှိစံချိန်တင်ပြီး ချန်ပီယံဆုဖလားကို ထိုက်တန်စွာ ရရှိသွားပြီဖြစ်သည်။)

(ဓာတ်ပုံ–အင်တာနက်)



ဆေးကုသမှု ခံယူ

စိန်ပြောင်းကျည် ထိမှန်မှုကြောင့် ဒဏ်ရာ ရရှိခဲ့သော အီရတ် အရပ်သားတစ်ဦး မေ ၁၅ ရက်က မိုဆူးလ်မြို့ ဆေးရုံ၌ဆေးကုသမှု ခံယူနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဘဂ္ဂဒက်မြို့ အယ်ဆာဒါစီးတီးဒေသကို အမေရိကန်တပ်ဖွဲ့ဝင်များက ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် နေအိမ်အပျက်အစီး အပိုင်းအစများ လမ်းများပေါ်တွင် ပြန့်ကျဲနေသည်ကို မေ ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လက်ပြနှုတ်ဆက်

မေ ၁၅ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ် အကျဉ်းစခန်းမှ အီရတ်အကျဉ်းသားများအား အမည်မသိနေရာသို့ မော်တော်ယာဉ်ဖြင့်တင်ဆောင်သွားသည်ကို အီရတ်တို့က လက်ပြနှုတ်ဆက်နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၁၅ရက်က နာဂျက်ဖ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားပြီး နောက် ဈေးဆိုင်တန်းများပျက်စီးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မီးငြိမ်းသတ်

မေ၁၅ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းစခန်း စိန်ပြောင်းဖြင့် တိုက်ခိုက်ခံရပြီး မီးလောင်ကျွမ်းနေသည်ကို အီရတ် မီးသတ်သမားများက မီးငြိမ်းသတ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စောင့်ဆိုင်း

အမေရိကန် တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်း ခံနေရသော အီရတ်အကျဉ်းသားတစ်ဦးကို တွေ့ဆုံခွင့်ရရန် မေ ၁၀ ရက်က အဘူဂါရိပ် အကျဉ်းစခန်း အပြင်ဘက်၌ မိဘများ စောင့်ဆိုင်းနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

မန္တလေးတိုင်း ညောင်ဦးမြို့နယ် ညောင်ပင်ကန်ကျေးရွာရှိ ကျေးလက်နေ ပြည်သူများ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်၍ ဤသို့ ရေဖြန့်ဝေပေးလျက်ရှိသည်။
(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ထပ်ဆင့်လွှင့်စက်ရုံ

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုန်းကြမ်းဒေသတွင် ဒေသခံ တိုင်းရင်းသားများ အသိပညာ တိုးပွားစေရန် တည်ဆောက်ထားသော ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို တွေ့ရစဉ်။
(ဓာတ်ပုံ-ပြန်/ဆက်)

ကျေးလက်ရေရရှိရေး

စဉ်	ပြည်နယ်/တိုင်း	ဆောင်ရွက်ပြီးရွာ
၁။	စစ်ကိုင်းတိုင်း	၁၁၆၆
၂။	မကွေးတိုင်း	၇၅၀
၃။	မန္တလေးတိုင်း	၂၂၆၈

နယ်စပ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး



စာတိုက်ခန်း

မုံရွာခရိုင် အလုံမြို့တွင် ဒေသခံပြည်သူများ ဆက်သွယ်မှု လွယ်ကူ ချောမွေ့စေရေး အတွက် ဆောင်ရွက်ပေးလျက်ရှိသော ဆက်သွယ်ရေးစာတိုက်စခန်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

တိုင်းရင်း ဆေးကုဌာန

စစ်ကိုင်းတိုင်း မြောင်မြို့တွင် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိသော တိုင်းရင်းဆေးကုဌာနကို တွေ့ရစဉ်။
(ဓာတ်ပုံ-ပြန်/ဆက်)

နယ်စပ်ဒေသဆက်သွယ်ရေး

စဉ်	အမျိုးအစား	စုစုပေါင်း
၁။	ထပ်ဆင့်လွှင့်စက်ရုံ	၉၇
၂။	စာတိုက်	၆၇
၃။	တယ်လီဖုန်းစခန်း	၈၀





ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသရှိ ဒေသခံ တိုင်းရင်းသား ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရန် တည်ဆောက်ထားသော ချင်းရွှေဟော်ဆေးရုံကို တွေ့ရစဉ်။
(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

နယ်စပ်ဒေသကျန်းမာရေး

စဉ်	အမျိုးအစား	စုစုပေါင်း
၁။	တိုက်နယ်ကျန်းမာရေးဌာန	၈၂
၂။	ကျေးလက်ကျန်းမာရေးဌာန	၂၉
၃။	ကျေးလက်ကျန်းမာရေးဌာနခွဲ	၄၀

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ ဗိသုကာများအသင်းက ကြီးမှူးကျင်းပသည့် အထပ်မြင့်အဆောက်အအုံများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဝင်များ၊ အထပ်မြင့်အဆောက်အအုံလုပ်ငန်းများနှင့် ပတ်သက်သည့် ဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဗိသုကာများအသင်းမှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ၊ ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များ၊ စာတမ်းရှင်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဗိသုကာများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုင်းယီလိတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာ တိုးတက်ပြောင်းလဲမှုများ၏ အပြုသဘောဆောင်သည့် အကျိုးရလဒ်ကောင်းများဖြင့် ယှဉ်တွဲပေါင်းစပ်ပြီး အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်စေရအောင် မိမိနိုင်ငံသူ နိုင်ငံသား အသိပညာရှင် အတတ်ပညာရှင်များ၏ စွမ်းပကားကို အားထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေချိန်ဖြစ်ကြောင်း။

ယခုလို အခြေအနေ အချိန်အခါမျိုးတွင် ပညာရပ်နယ်ပယ်ကဏ္ဍ အသီးသီးက ပညာရှင်အစုအဖွဲ့များအားလုံးက မိမိတို့၏ သက်ဆိုင်ရာ သိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ထွန်းကားပြန့်ပွားရေးအတွက် ကိုယ်စီကိုယ်စီ ကြိုးပမ်းစွမ်းဆောင်နေကြသည့် အစဉ်အလာကောင်းများ ဖြစ်ထွန်းနေခြင်းကြောင့် အမိနိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများစွာကိုတိုးပွားဖြစ်ထွန်းစေလျက်ရှိခြင်းမှာ များစွာ အားရဂုဏ်ယူဖွယ်ကောင်းသည်ကို ပထမဦးစွာ ပြောကြားလိုကြောင်း။

ယနေ့ မြန်မာနိုင်ငံ ဗိသုကာများအသင်းကြီးအနေဖြင့် ဗိသုကာရွှေရတုပွဲ အကြိုလှုပ်ရှားမှုတစ်ရပ်အဖြစ် ယခုလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးပါလှသည့် အထပ်မြင့် အဆောက်အအုံများနှင့် ပတ်သက်သည့် ဗိသုကာပညာရပ်

မြန်မာနိုင်ငံ ဗိသုကာများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုင်းယီလိတ်က မြန်မာနိုင်ငံ ဗိသုကာများအသင်းက ကြီးမှူးကျင်းပသည့် အထပ်မြင့် အဆောက်အအုံများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကြိုဆို နှုတ်ခွန်းဆက် စကားပြောကြားစဉ်။ (သတင်းစဉ်)

ဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပနိုင်ခြင်းမှာ အခြေအနေ အချိန်အခါနှင့် များစွာဆီလျော် ကိုက်ညီလှသည့်အပြင် နိုင်ငံတော်အတွက်သော် လည်းကောင်း၊ ဗိသုကာပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်သော် လည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ခေတ်မီတိုးတက် ဖြစ်ထွန်းရေးအတွက်သော် လည်းကောင်း အဘက်ဘက်ကအကျိုးဖြစ်ထွန်းစေမှာ အမှန်ပင်ဖြစ်ကြောင်း။

ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ မိမိနိုင်ငံသူနိုင်ငံသား ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးပွားခိုင်မာပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရန် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းစီမံဆောင်ရွက်လျက်ရှိကြောင်း။

ဖြန့်ကြက်တည်ဆောက်

ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံတော်တစ်ဝန်းလုံးမှာ ဆည်မြောင်းတာတမံတွေ၊ ရေအားလျှပ်စစ်လုပ်ငန်းကြီးတွေ၊ လမ်းမကြီးတွေနှင့် မြစ်ကူးတံတားကြီးတွေ၊ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းတွေနှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းတွေ စသည့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို စနစ်တကျ ဖြန့်ကြက် တည်ဆောက်ပေးလျက်ရှိကြောင်း။

တစ်ပြိုင်တည်းမှာပင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူအများ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားရေးမှာ မရှိမဖြစ်သည့် မြို့ပြဖွံ့ဖြိုးရေးကဏ္ဍမှာဆိုလျှင်လည်း ရန်ကုန်မြို့တော်ကြီးနှင့်တကွ တစ်နိုင်ငံလုံးမှာရှိသော မြို့ကြီးပြကြီးများကို နိုင်ငံတကာမြို့တော်ကြီးများ၊ မြို့ကြီးပြကြီးများ၏ အင်္ဂါရပ်များနှင့် ဆီလျော်စွာ တိုးတက် ဖြစ်ထွန်းလာစေရေးအတွက် ခေတ်မီ တိုက်တာအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ သန့်ရှင်းသပ်ရပ်လှသော စနစ်ကျအိမ်ရာစီမံကိန်းများ၊ ပြည်သူများအပန်းဖြေနားနေနိုင်မည့် ခေတ်မီအပန်းဖြေဥယျာဉ်ကြီးများ၊နိုင်ငံတကာအဆင့်မီကုန်တိုက်ကြီးများ စသော မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ်ကောင်းများ ပြည့်ပြည့်ဝဝဖြစ်ထွန်းလာစေရအောင် စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထည်ဝါစွာရပ်တည်နိုင်

ထို့ကြောင့် ရန်ကုန်မြို့တော်အပါအဝင် မြို့ကြီးပြကြီးများမှာ အချိန်တိုကာလအတွင်းမှာ ခေတ်မီစနစ်ကျသည့် မြို့ကွက်ပုံစံများနှင့်အညီ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာခဲ့သည့်အတွက် ယခုဆိုလျှင် ခေတ်မီအဆင့်မြင့်တိုက်တာအဆောက်အအုံတွေ၊ ဘာသာရေးဆိုင်ရာစေတီပုထိုး ကျောင်းဇရပ်တွေ၊ ခေတ်မီအထပ်မြင့် ကွန်ဒိုမီနီယံအဆောက်အအုံတွေ၊ နိုင်ငံတကာအဆင့်မီစီမံခန့်ခွဲရေးနှင့် စီးပွားရေးဗဟိုဌာန အဆောက်အအုံတွေ၊ ခေတ်မီကုန်တိုက်ကြီးတွေ၊ ခေတ်မီဘဏ်တိုက်ကြီးတွေ၊အဆင့်မြင့်ဟိုတယ်ကြီးတွေနှင့် Service Apartment တွေ၊ နိုင်ငံတကာ အဆင့်မီဂေါက်ကွင်းတွေ၊ အပန်းဖြေဥယျာဉ်ကြီးတွေ၊ မြို့တော်အင်္ဂါရပ်များနှင့် ပြည့်စုံသည့် ဥယျာဉ်မြို့တော်ကြီးတွေ စသော အပြည်ပြည်ဆိုင်ရာ စံနှုန်းဖြင့် ကိုက်ညီသည့် ခေတ်မီတိုက်တာအဆောက်အအုံတွေ နယ်ပယ်ကဏ္ဍစုံမှာ များစွာ တိုးပွားပေါ်ထွန်းနေပြီဖြစ်သောကြောင့် ရန်ကုန်မြို့တော်ကြီးနှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် နိုင်ငံတကာ

မြန်မာနိုင်ငံ ဗိသုကာများအသင်း အထွေထွေအတွင်းရေးမှူး ဦးဆန်းဦးက မြန်မာနိုင်ငံဗိသုကာများအသင်းက ကြီးမှူးကျင်းပသည့် အထပ်မြင့် အဆောက်အအုံများနှင့်ပတ်သက်သည့် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အခြေခံပုံစံ ထုတ်လုပ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍ စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မြင်ကွင်းမှာ ခေတ်မီဖွံ့ဖြိုး တိုးတက်လာသည့် နိုင်ငံတော်ကြီးအဖြစ် တင့်တယ်ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်နေပြီဖြစ်ကြောင်း။

ဤကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အချိန်တိုကာလအတွင်း အဆင့်အတန်းမြင့်မြင့်မားမားနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရအောင် နိုင်ငံတော်အစိုးရအနေဖြင့် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းမှာ ဗိသုကာပညာရှင်များအပါအဝင် အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များစသည့် အမျိုးသားရေး စွမ်းအားစုများအားလုံး၏ ညီညွတ်တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့်ပင်ဖြစ်ကြောင်း ဂုဏ်ပြုပြောကြားလိုကြောင်း။

အထူးသဖြင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားစေရေးမှာ အရေးပါလှသည့် မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီ မြို့ပြအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများ အဆင့်အတန်းပြည့်ဝစွာ အောင်မြင်ဖြစ်ထွန်းစေရေးမှာ ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများ၏ စွမ်းဆောင်ပေးမှုသည် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိပါကြောင်းကို တစ်ဆက်တည်း ပြောကြားလိုကြောင်း။

ဖန်တီးပေးနေ

ဗိသုကာပညာရှင်များသည် မြို့ပြအဆောက်အအုံများကို မျက်စိပသာဒမှာ တင့်တယ်ခံ့ညား ထည်ဝါပြီး နိုင်ငံတကာအဆင့်မီ အဆောက်အအုံတစ်ခု၏ အင်္ဂါရပ်များနှင့် ပြည့်စုံစေဖို့ အပြင် အရည်အသွေးကောင်းမွန်ပြီး စံချိန်စံညွှန်းကိုက်ညီစေဖို့၊ ကြံ့ခိုင်ဘေးကင်း လုံခြုံစိတ်ချရဖို့အတွက်ပါ တိုးတက်နေသော နည်းပညာရပ်များဖြင့် အဓိက ဖန်တီးပေးနေသူများဖြစ်ကြောင်း။

အထူးသဖြင့် ယနေ့အချိန်အခါတွင် နိုင်ငံတကာအဆင့်မီ အထပ်မြင့်အဆောက်အအုံများ အရည်အသွေးပြည့်မီပြီး လုံခြုံစိတ်ချ ကြံ့ခိုင် ခိုင်ခံ့စွာ ပေါ်ထွန်းလာစေရေးမှာ ဗိသုကာပညာရပ်သည် အရေးပါပြီး ပဓာနကျသည့် အခန်းကဏ္ဍက ဖန်တီးဖော်ဆောင်ပေးနိုင်မှုကြောင့်ပင်ဖြစ်ကြောင်း။

မိမိတို့ တပ်မတော်အစိုးရခေတ်ကာလမှာ နိုင်ငံတော်အတွင်း ပထမဦးဆုံးသော ခေတ်မီ အထပ်မြင့်အဆောက်အအုံများစွာကို အောင်အောင်မြင်မြင် စတင်တည်ဆောက်လာနိုင်ခဲ့သကဲ့သို့ အထပ်မြင့်အဆောက်အအုံများကို မြန်မာဗိသုကာပညာရှင်များ၊ မြန်မာအင်ဂျင်နီယာများ၊ မြန်မာတိုင်းရင်းသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ မြန်မာကျွမ်းကျင်လုပ်သားများ၏ စွမ်းပကားဖြင့် ပြည်ပအကူအညီမပါဘဲ ကိုယ့်အားကိုယ်ကိုးတည်ဆောက်နိုင်နေခြင်းမှာလည်း ထူးခြား ဂုဏ်ယူဖွယ်ကောင်းသည့် ကြိုးပမ်းမှုဟု ဆိုရမှာဖြစ်ကြောင်း။

ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးအဖြစ် ကြိုးပမ်းတည်ဆောက်လျက်ရှိရာမှာ အထပ်မြင့်အဆောက်အအုံများအပါအဝင် နိုင်ငံတကာအဆင့်မီ မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာ အဆောက်အအုံများကို မြို့ကွက်စနစ်ကျနစွာ အကွက်ချဖြန့်ကြက် တည်ဆောက်သွားနိုင်ဖို့ အလွန်အရေးကြီးသည်ဟု နိုင်ငံတော်အစိုးရက ခံယူထားခြင်းနှင့် အညီ မြို့တော် အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှု ကော်မတီကို နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီး၏ အင်္ဂါရပ်များဖြင့် ဆီလျော် ညီညွတ်စွာ ဖြစ်ထွန်းလာစေဖို့ စနစ်တကျ စီမံဆောင်ရွက်လျက်ရှိနေပြီလည်းဖြစ်ကြောင်း။

လက်တွဲဆောင်ရွက်

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ၏ ဦးဆောင်မှုအောက်မှာ အစိုးရဌာနဆိုင်ရာများအပြင် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများသည် တစ်ဦးချင်း အနေဖြင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာများအသင်း စသော အဖွဲ့အစည်းများအနေဖြင့်သော် လည်းကောင်း ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ပြီး ရန်ကုန်မြို့တော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာ အဆင့်မီ တိုက်တာအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများမှာ ပါဝင်လက်တွဲ ဆောင်ရွက်နေကြပြီလည်းဖြစ်ကြောင်း။

ထို့ပြင် မြို့တော်အိမ်ရာစီမံကိန်းလုပ်ငန်းများ ခေတ်မီစနစ်ကျနရေး၊ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ ကိုက်ညီရေး၊ အရည်အသွေးပြည့်ဝရေးနှင့် လုံခြုံစိတ်ချကြံ့ခိုင် ခိုင်ခံ့စေရေးတို့အတွက် ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများပါဝင်သည့် "အထပ်မြင့်အဆောက်အအုံများ ကြီးကြပ်မှုကော်မတီ"ကို ဖွဲ့စည်းပြီး အဆောက်အအုံ အရည်အသွေးစစ်ဆေးမှု၊ နည်းပညာပေးမှု၊ ပညာရပ်ဆိုင်ရာအရကူညီပံ့ပိုးမှုများ ဆောင်ရွက်စေလျက်ရှိနေပြီဖြစ်ကြောင်း။

ယခုလိုအခြေအနေ အချိန်အခါမျိုးမှာ မြန်မာနိုင်ငံဗိသုကာများအသင်း၏ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် "Tall Buildings: A Challenge for Myanmar Architects & Engineers" ဆွေးနွေးပွဲကို ယခုလို ကျင်းပပေးခြင်းသည် နိုင်ငံတော်အတွင်း ခေတ်မီအထပ်မြင့် အဆောက်အအုံများ

သဲအင်းဂူအစိဉ္စာန် ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၁၆

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီးတွင် မူလ သဲအင်းဂူ ဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သော ဩဝါဒါနှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာဝံသ (မုံရွာ)၊ တပည့်များဖြစ်သော ဘဒ္ဒန္တ ဇဝနတိက္ခ(မုံရွာ)နှင့် ဦးစိန္တမယ (မိုးကောင်း) ဆရာတော် အရှင်သူမြတ်များက မေ ၂၃ ရက်မှ ၃၀ ရက်အထိ သမထဝိပဿနာ တရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် မေ ၂၂ရက် (စနေနေ့) ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့်တကွ လာရောက်စာရင်းသွင်းနိုင်ကြသည်။ နေ့ဆွမ်း၊ အရုဏ်ဆွမ်းများလည်း လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကန်တော်ကြီးဥယျာဉ်ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများကြည့်ရှု ရာသီဥတုအကြောင်းပြကာ လုပ်ငန်းများရပ်နားခြင်းမရှိစေဘဲဆက်လက်ဆောင်ရွက်ရန်မှာကြား

တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင် ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ်ပတ်ဝန်းကျင် ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံ အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Education Zone° ရှိ ပန်းမန်ပြကွက်၊ အာဟာရရည်ဖြင့် ဟင်းသီးဟင်းရွက်စိုက်ခင်းပြကွက်၊ သစ်ခွပန်းစိုက်ခင်းပြကွက်၊ ဟင်းသီးဟင်းရွက်နှင့် စင်တင်သီးနှံပြကွက်၊ သစ်သီးဥယျာဉ်ပြကွက်၊ ပရဆေးနှင့် ဟင်းခတ်အမွှေးအကြိုင်ပြကွက်များကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်ပြီး တည်ဆောက်ဆဲ ခေတ်မီငါးပြတိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Central Forest Zone၌ ပုပ္ပားတောင်ကလပ်ပုံစံ Natural View Tower တည်ဆောက်ရေး စီစဉ်လျာထားသည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်ဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က Central Forest Zone ၌ သုံးဆင့်ရေတံခွန် တည်ဆောက်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကန်တော်ကြီးဥယျာဉ် အဆင့်မြင့်တည်ဆောက်မှုလုပ်ငန်းများကို မိုးကာလရာသီဥတုအကြောင်းပြကာ လုပ်ငန်းများရပ်နားခြင်းမရှိစေဘဲ ရာသီဥတုအခြေအနေကို စောင့်ကြည့်ပြီး ဆောင်ရွက်နိုင်သမျှလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရန်နှင့် ဗဟိုအဆင့်ကလည်း လုပ်ငန်းခွင်ဆင်းပြီး စစ်ဆေးခြင်း၊ ဖြည့်ဆည်းပေးရန်များကို လုပ်နိုင်ကိုင်နိုင်အောင် ဖြည့်တွန်း အားပေးခြင်းများကိုဆောင်ရွက်သွားရန် မှာကြားကာ နံနက်ပိုင်းတွင် လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသည်။

(သတင်းစဉ်)

မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ အထပ်မြင့်ဆောက်အအုံများတွင် တပ်ဆင်အသုံးပြုသည့် ပစ္စည်းကိရိယာများ ပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အရည်အသွေးပြည့်ဝ စံချိန် စံညွှန်းကိုက်ညီစွာ ပေါ်ထွန်းလာရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော် အနေနှင့် ခေတ်သစ်ဗိသုကာပညာရပ်များကို ၁၉၅၄ ခုနှစ်က စတင်ပြီး BOC College မှာ စတင်ဖွင့်လှစ်သင်ကြားခဲ့သည့်အတွက် ယခု ၂၀၀၄ ခုနှစ်သည် မြန်မာနိုင်ငံအတွက် ဗိသုကာ ရွှေရတုနှစ်ကာလဖြစ်သည့် အလျောက် ဗိသုကာရွှေရတုအထိမ်းအမှတ် လှုပ်ရှားမှုတစ်ရပ်အနေဖြင့် မြန်မာ့ဗိသုကာ လက်ရာသမိုင်းမှာ အထင်ကရ မှတ်တိုင်တစ်ခုအဖြစ် မော်ကွန်းရေးထိုးရမည့် ခေတ်မီ အထပ်မြင့် အဆောက်အအုံများ တည်ဆောက်ရေးကို အထောက်အကူဖြစ်စေမည့် ယခုဆွေးနွေးပွဲကြီးကို အောင်အောင်မြင်မြင် ကျင်းပခြင်းမှာလည်း အမျိုးသားရေးအဓိပ္ပာယ်၊ အမျိုးသားရေးအနှစ်သာရနှင့် ပြည့်ဝသည့် အစီအစဉ်တစ်ရပ်ဖြစ်သည်ကို ဂုဏ်ပြုပြောကြားလိုကြောင်း။

အံ့သြချီးကျူး

မြန်မာ့ဗိသုကာပညာသမိုင်းကို ပြန်ကြည့်လျှင် ယခုခေတ်ကာလကျမှ ပေါ်ထွန်းလာခဲ့သည်မဟုတ်ဘဲ မြန်မာ့ယဉ်ကျေးမှုသမိုင်း ခေတ်ဦးအစကပင် အဆင့်အတန်းမြင့်မားစွာ ဖြစ်ထွန်းနေသည်ကို တွေ့နိုင်ကြောင်း၊ ပထမမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သည့် အနော်ရထာမင်းကြီး လက်ထက် ပုဂံခေတ်ကာလက တည်ထားကိုးကွယ်ခဲ့သော ဘုရား ၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးများ၏ ထူးခြားသည့် ဗိသုကာလက်ရာများမှာ ယနေ့ခေတ်ကာလပညာရှင်များပင် အံ့သြချီးကျူးကြရကြောင်း။

ဤကဲ့သို့ နှစ်ပေါင်းထောင်ချီ ဖြစ်ထွန်းလာခဲ့သည့် မြန်မာ့ဗိသုကာ လက်ရာများမှာ နိုင်ငံတကာနှင့် ယှဉ်ကြည့်လျှင် ရှေ့တန်းမှာရှိသည်မှာ ထင်ရှားကြောင်း။

သို့ဖြစ်၍ ဘိုးဘေးဘီဘင်လက်ထက်က စတင်၍ ထိပ်တန်းတွင် ရှိခဲ့သော မြန်မာ့ဗိသုကာပညာရှင်များ၏ မြင့်မားသည့် အတတ်ပညာ၊ သိမ်မွေ့ နက်နဲသည့် အတွေးအခေါ်၊ အယူအဆတို့ကို ပြန်လည်ဖော်ထုတ်ပြီး ခေတ်သစ် ဗိသုကာပညာရပ်များဖြင့် ပေါင်းစပ်မြှင့်တင်သွားမည်ဆိုသည့် ခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

ယနေ့ နိုင်ငံတကာမှာ သိပ္ပံနှင့် နည်းပညာရပ်များနှင့်အတူဆက်စပ်ပေါ်ထွန်းလာနေသော မြို့ပြတိုးတက်ဖြစ်ထွန်းမှုများကြောင့် နိုင်ငံတကာအဆင့်မီ တိုက်တာ အဆောက်အအုံများ တည်ဆောက်ရာတွင် ဖြည့်ဆည်းအကောင်အထည်ဖော်ပေးရမည့် အရည်အသွေးဆိုင်ရာ လိုအပ်ချက်များကို အထူးအလေးထား ဆောင်ရွက်နေကြသကဲ့သို့ ဗိသုကာပညာရပ်များမှာလည်း ထူးထူးခြားခြားအရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည့် အခြေအနေတွေ တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယခုလို အခြေအနေအချိန်အခါမျိုးမှာ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ၊ အရည်အသွေးဖြင့် ပြည့်စုံသည့် ခေတ်မီအထပ်မြင့်အဆောက်အအုံများ ပေါ်ထွန်းလာစေဖို့ ဗိသုကာပညာရပ်များဖြင့် အထောက်အကူပြုနိုင်စေရေးအတွက်သော်လည်းကောင်း၊ နိုင်ငံတကာသိပ္ပံနှင့် နည်းပညာတိုးတက်ဖြစ်ထွန်းမှုများနှင့် တစ်ပြေးညီ ဗိသုကာပညာရပ်များဖွံ့ဖြိုးတိုးတက်စေရေးအတွက်သော် လည်းကောင်း၊ ဗိသုကာပညာရှင်များအားလုံးက အမျိုးသားရေးစိတ်ဓာတ်ပြင်းပြထက်သန်စွာဖြင့် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားကြဖို့ အထူးလိုအပ်သည်ကို ပြောကြားလိုကြောင်း။

ဤရည်မှန်းချက်များ အောင်မြင်အကောင်အထည်ပေါ် ဖြစ်ထွန်းစေရေးအတွက် ယခုကျင်းပသည့် အထပ်မြင့်အဆောက်အအုံများနှင့်ပတ်သက်သည့် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲကြီးကနေ ထူးခြားကောင်းမွန်သော အကျိုးရလဒ်ကောင်းများပေါ်ထွက်လာလိမ့်မည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း၊ ယင်းသို့ အကျိုးရလဒ်ကောင်းများ ရရှိဖြစ်ထွန်းစေရေးအတွက်လည်း ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများအားလုံးက တက်ကြွစွာပါဝင်ဆွေးနွေးပြီး ရရှိဖြစ်ထွန်းလာမည့် အကျိုးရလဒ်ကောင်းများမှတစ်ဆင့် နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရအောင် ဆက်လက်အားထုတ်ကြိုးပမ်းစွမ်းဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုသည်မှာ–

– **ယနေ့ကျင်းပသည့် ဗိသုကာပညာဆိုင်ရာ ဆွေးနွေးပွဲကြီး ရည်မှန်းချက်များဖြင့် အညီ အောင်မြင်ဖြစ်ထွန်းပါစေ၊**
– **ဗိသုကာပညာရပ်များ ခေတ်နှင့်တစ်ပြေးညီတိုးတက်ဖြစ်ထွန်းမှုနှင့်အတူ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရအောင် ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများအားလုံးက အမျိုးသားရေးတာဝန်ကျေပွန်စွာဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင်ပေးနိုင်ကြပါစေ**

ဟု ဆန္ဒပြုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဗိသုကာများအသင်း အထွေထွေအတွင်းရေးမှူး ဦးဆန်းဦးက အခြေခံပုံစံထုတ်လုပ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍ (Design Considerations& Importance of Team Work)စာတမ်းကိုဖတ်ကြားတင်ပြကြပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park) ပရဝဏ်အတွင်း၌ တည်ဆောက်မည့် Cyber Tower အထပ်မြင့်အဆောက်အအုံပုံစံငယ်နှင့် အထပ်မြင့်အဆောက်အအုံများတွင် တပ်ဆင်အသုံးပြုသည့် ပစ္စည်းကိရိယာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ကျင်းပသည့် အထပ်မြင့်အဆောက်အအုံများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲ Tall Buildings in the Context of Urban Development စာတမ်း၊ The Role of Architecture in Seismic Design စာတမ်း၊ Basic Mechanical& Electrical Considerations for Tall Buildings စာတမ်းနှင့် Existing High Rise Building Projects in Yangon စာတမ်းတို့ကို စာတမ်းရှင်အသီးသီးက ဖတ်ကြားဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

ဆောင်းပါးစက်ရုံ ကုန်ချော (၂)

ချွေးစက်သံလမ်းနှင့် ပြုံးပန်းရထား

ရတနာစည်ဆရာတော်
(လွိုင်လင်)

(က)

တစ်လံမျှလောက်သော ကိုယ်ခန္ဓာမှ တစ်ထွာမျှလောက်သော မျက်နှာပြင်ပေါ်ရှိ တစ်ညှိုမျှလောက်နှုတ်ခမ်းနှစ်လွှာ၏ အပွင့်ကို အပြုံးဟု ခေါ်ဝေါ်ကြပြီး ယင်းအပြုံးသည် လိုလားနှစ်သက်မြတ်နိုးအပ်သည့် ဣဋ္ဌာရုံနှင့် ဆုံရတိုင်း ပွင့်လေ့ရှိရာ မြန်မာ့အပြုံးသည် ကမ္ဘာ၌ နာမည်ကြီးလေ၏။

မြန်မာနိုင်ငံသို့ရောက်ရှိလာကြသော ကမ္ဘာလှည့် နိုင်ငံခြားဧည့်သည်များအဖို့ မြန်မာ့အပြုံးများကို နေရာတိုင်း၊ နာရီတိုင်း၊ လူတိုင်းထံမှ ခံယူရရှိနေကြခြင်းကြောင့် မြန်မာ့မြေနင်းနင်းချင်း စိမ်းဆတ်ဆတ်အနေအထားကို ကျော်လွှားသွားနိုင်ခြင်းဖြင့် အကျေနပ်ဆုံးဖြစ်ကြရသည်မှာ ရွှေဧည့်သည်များအတွက် အိပ်မက်သစ်များ ဖြစ်လျက်ရှိ၏။

ယင်းအချက်က ဘာကိုထင်ဟပ်ပြနေသနည်းဆိုလျှင် မြန်မာနိုင်ငံသည် မေတ္တာခြုံလွှမ်း၍ အေးချမ်းသာယာသောနိုင်ငံဟု ထင်းထင်းထင်ပြလျက်ရှိ၏။ မေတ္တာခြုံလွှမ်း၍ အေးချမ်းသာယာသောနိုင်ငံအဖြစ် အစဉ်အလာကြီးမားစွာ တည်တံ့ထွန်းကားနေအောင် မြတ်ဗုဒ္ဓ၏ ဗြဟ္မစိုရ်အဆုံးအမများ၊ မင်္ဂလာအဆုံးအမများက မြန်မာပြည်သားတို့၏ ကလလရေကြည်ကာလမှသည် ရေလုံအိုးကွဲကာလအထိ ထာဝရ လွှမ်းမိုးထားသည် မဟုတ်လော။

ထို့ကြောင့် မြန်မာတို့သည် မေတ္တာဝါဒီအဖြစ် အကောင်းမြင်အကြည့်ဖြင့် အာရုံအလုံးစုံအပေါ် ဖြန့်ကြည့်နိုင်စွမ်း (ယောနိသော မနသိကာရဗလ)ကြီးမားကြရကား မြန်မာ့ပြုံးပွင့် တဝင့်ဝင့်ပျံ့လွင့်နေပုံမှာ ပြည်မတူ သူမတူဖြစ်ပါဘိတော့၏။

(ခ)

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးခြင်းအလျှင်းမဲ့ခဲ့သော ချောင်ကျကျနေရာတစ်ခုဝယ် နှစ်သောင်းကျော်အပြုံးပွင့် လန်းစွင့်ခြင်းနှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အစုန်စုန်အဆန်ဆန် အပြန်ပြန်အကျော့ကျော့ သယ်ယူပို့ဆောင်ပေးမည့် ပြုံးပန်းရထားကြီးတစ်စင်း ထင်းထင်းထင်ပေါ်ထွန်းလာသော ၂၀-၃-၂၀၀၄ရက်စွဲကား ဒေသခံတို့အတွက် တစ်သက် တသသဖြစ်ရမည့် ဝိဇယမင်္ဂလာ အောင်ဩဘာနေ့ ထူးနေ့မြတ် ဖြစ်ပါတော့သည်။ နေရာမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်တောင်ဘက်ခြမ်း နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာ ဖြစ်သည်။

သည်နေရာတစ်ခွင်၊ သည်ဝန်းကျင်တစ်ဝိုက်ကား လုံခြုံမှုမေးမှိန်ခဲ့ခြင်း၊ တည်ငြိမ်အေးချမ်းမှု မရရှိခဲ့ခြင်း၊ အဆက်အသွယ်ခက်ခဲခဲ့ခြင်း၊ ရထားလမ်းကိုထားဦး ကားလမ်းပင်မပေါက်ခဲ့ခြင်းတို့ကြောင့် ဒေသခံတို့၏ဘဝ သုညတောင်ပိန်ပိန်လေးဖြစ်ခဲ့ရသည်မှာ သမိုင်းအရှိ ပကတိအနေအထား ဖြစ်ခဲ့ပါ၏။ ယနေ့တပ်မတော်အစိုးရ တက်ရောက်လာပြီးနောက် "နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး"ကို လည်းကောင်း၊ "အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး"ကိုလည်းကောင်း၊ နိုင်ငံရေးဦးတည်ချက်(၄)ရပ်ထဲ၌ ထည့်သွင်းကာ ဦးစားပေးဆောင်ရွက်ခဲ့သည့်အတိုင်း ၅-၁-၁၉၉၆ရက်စွဲတွင် အမ်တီအေအဖွဲ့ အကြွင်းမဲ့လက်နက်စွန့်ခဲ့ပြီး သည်မှာဘက်ကာလများတွင်သော် သောင်းကျန်းမှုချုပ်ငြိမ်းသွားခြင်းနှင့်အတူ နိုင်ငံတော်အစိုးရက ဒေသတစ်ခွင် ဖြန့်ကြက်လျက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ဘက်စုံထောင့်စုံ ကဏ္ဍစုံအဟုန်မြင့်မိုး ဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်ဦးရွက်ပြုပေးခဲ့သည်များထဲမှ တစ်ခုအဖြစ် ရထားလမ်းဖောက်ပေးပြီး ရထားကြီးပြေးဆွဲပေးတော့မည်ဖြစ်ရာ ဒေသသားတို့၏ အားရပြုံး၊ တက်ကြွပြုံး၊ ဣဋ္ဌာသယဆန္ဒပြည့်အပြုံးများကား မဆုံးနိုင်၊ မသဉ်းနိုင်၊ ပြုံးပန်းကုံး သီမနိုင်ဖြစ်ကြရပါကုန်၏။

၂၀၀၄ ခုနှစ် တပ်မတော်နေ့ ဦးတည်ချက်များနှင့်အညီ **"နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး"**ကို သရုပ်ဖော်ဒြပ်တင်သောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၏ စီစဉ်မှုအရ ဖွင့်ပွဲကျင်းပခြင်း ဖြစ်သည်။

သည်ရထားလမ်းများကား တပ်မတော်သားတို့၏ ချွေးစက်လုပ်အားဖြင့် ပေါ်ထွန်းလာသည့် တပ်မတော်သမိုင်းဝင် ရထားလမ်းများဖြစ်ပါ၏။ 'များ'ဟုဆိုရခြင်းမှာ သည်ရထားလမ်းက အပိုင်းပိုင်း အဆစ်ဆစ်အဖြစ် လွိုင်လင်ခရိုင်ပွန်ချောင်းအထိရောက်ရှိသွားအောင် တပ်မတော်သားတို့က ဆက်လက်ဖောက်လုပ်ကြမည်ဖြစ်သကဲ့သို့ မျက်နှာချင်းဆိုင် တောင်ကြီးခရိုင်ဘက်မှလည်း ပွန်ချောင်းအထိ အပိုင်းပိုင်းအဆစ်ဆစ် တပ်မတော်သားတို့၏ ချွေးစက်ဖြင့်ပင် ဆက်လက်ဖောက်လုပ်လာမည်ဖြစ်သောကြောင့်ဖြစ်၏။ ရွှေညောင်-နမ့်စန်ရထားလမ်းဟု ခေါ်ပါသည်။

ဖွင့်ပွဲရက်မတိုင်မီကတည်းကပင် ဖွင့်ပွဲကြီးအောင်မြင်စွာနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၏ ညွှန်ကြားမှု၊ ရထားလမ်းဖောက်လုပ်ရေး ဦးဆောင်တာဝန်ခံ ဖြစ်သော လွိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီးသောင်းအေး၏ အနီးကပ် ကြီးကြပ်မှု၊ လွိုင်လင်ခရိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်၏ စီစဉ်မှုအရ ဌာနဆိုင်ရာများ၊ မီးရထား ဝန်ထမ်းများ၊ ဒေသခံပြည်သူများအဖို့ တက်ကြွားကြွကြွ ပြုံးအလှတွေပွင့်ဝေလျက် ရှိကြပါကုန်၏။ ရထားဆိုသည်ကို တစ်ခါမျှမျက်မှောက်မမြင်ဘူး၊ မတွေ့ဘူးခဲ့ကြရသည့် အခြေအနေမှ ယခုဆို မြင်ဖူးတွေ့ဖူးရုံမျှမက ကိုယ်တိုင်စီးနင်းလိုက်ပါနိုင်၊ ကုန်ပစ္စည်းများ သယ်ပို့နိုင်သည့် အနေအထားရောက်ရှိလာပြီဖြစ်သောကြောင့် ဒေသခံတိုင်းရင်းသားတို့၏ ဝမ်းသာပီတိ၊ ဖရဏာပီတိတို့ကား ဘယ်ပန်းချီ ရေးလို့မမီ၊ ဘယ်စာသီဖွဲ့လို့မပီ ဖြစ်ပါကုန်တော့၏။

ဤရထားလမ်းသစ်ဖွင့်ပွဲကို ကြိုဆိုသောအားဖြင့် လွိုင်လင်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိဦးသောင်းဝင်းနှင့် ပြန်ကြားရေးအဖွဲ့က တပ်မတော်နေ့အထိမ်းအမှတ် ရွှေလွိုင်လင် လက်ကမ်းစာစောင်ကို အခမဲ့ဖြန့်ဝေခြင်း၊ လွိုင်လင်ခရိုင်ခုတင် (၂၀၀)အထူးကုဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန်း ဦးဆောင်လျက် သမားတော်ဒေါက်တာအေးအေးမူ၊ မီးယပ်/သားဖွားအထူးကု ဒေါက်တာချိုမာကျော်၊ အရိုးအထူးကု ဒေါက်တာခင်သိန်း၊ သွားနှင့်ခံတွင်းအထူးကု ဒေါက်တာခင်ဇော်၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဒေါက်တာသီဟမောင်၊ မေ့ဆေးဆရာဝန်ဒေါက်တာအောင်ကျော်မိုး၊ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာဇော်လင်းနှင့် သူနာပြုများပါဝင်သောအဖွဲ့က တစ်ရက်ကြိုတင်သွားရောက်ကာ မိုင်းစိတ်ကျေးရွာဝန်းကျင်မှ ဒေသခံ ၁၀၀ ကျော်တို့အား ကျန်းမာရေးစစ်ဆေးပေးပြီး အခမဲ့ဆေးဝါးကုသပေးခြင်းတို့ကလည်း ရထားလမ်းသစ်ဖွင့်ပွဲ မှတ်တမ်းဝင်များ ဖြစ်ကြပါကုန်၏။

ယခင်နေ့ရက်များကဆိုလျှင် အရဏ်တက်၍ ကျေးငှက်သာရကာတို့ တွန်ကျူးသံကြားရမှသာ လူသားတို့နိုးထကြမြဲဖြစ်သော်လည်း ယနေ့သော်မူ အရဏ်မတက်မီကပင် ဒေသခံတို့နိုးကြားနေကြပြီး အားပါးတရ ဝမ်းပန်းတသာ ရထားလမ်းသစ်ဖွင့်ပွဲကျင်းပရာသို့အရောက် ကားဖြင့်တလီ၊ ထော်လာဂျီဖြင့်တစ်သွယ်၊ ဆိုင်ကယ်ဖြင့်တစ်သွင်၊ ခြေကျင်ဖြင့် တစ်ဖုံ အစုံစုံ ပျားပန်းခပ်နေကြသည်ကား ကျေးငှက်သာရကာတို့ကပင် အံ့အားသင့်နေတော့မည့်အသွင် ဖြစ်ပါဘိ၏။

နေအလင်းဖြန့်ကြက်လာခြင်းနှင့်အတူ ရထားလမ်းသစ်ဖွင့်ပွဲ မြင်ကွင်းက ထင်းထင်းထင်ကြွတက်လာ၏။ ဒေသခံဗမာ၊ ရှမ်း၊ ပအိုဝ်း၊ ယင်းကျား၊ ယင်းနက်စသည့် တိုင်းရင်းသားတို့၏ အပြုံးပန်းများ၊ တူညီဝတ်စုံတို့ဖြင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ရိုးယဉ်သောသွင်ပြင်များ၊ လွိုင်လင်-ပင်လုံ-လဲချား-နမ့်စန်-မိုးနဲစသည့်မြို့နယ်များမှ ရထားလမ်းသစ်ဖွင့်ပွဲသို့ တက်ကြွစွာတက်ရောက်လာကြသူ တိုင်းရင်းသားတို့၏ ကြည်လင်သောမျက်နှာပြင်များသည် နေအလင်းနှင့်အပြိုင် ဝင်းပထိန်လက်နေပါတော့သည်။

(ဂ)

ရထားလမ်းသစ်ဖွင့်ပွဲကျင်းပရာ မိုင်းစိတ်ဘူတာ မျက်နှာစာ၌ ရထားလမ်းသစ်ဖွင့်လှစ်ပေးမည့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ အသင့်ရောက်ရှိနေပြီဖြစ်သကဲ့သို့ ရထားလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်အရာရှိကြီးများ၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ တာဝန်ရှိပုဂ္ဂိုလ်ကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝန်းကျင်မြို့နယ်များမှ ဒေသခံတိုင်းရင်းသားများ စုစုပေါင်းအင်အား ၂၀၀၀၀ကျော်တို့သည်လည်း စုစည်းစွာ စုဝေးရောက်ရှိနေပြီဖြစ်၏။

အစီအစဉ်အရ ရထားလမ်းပိုင်းသစ်ဖွင့်ပွဲအခမ်းအနား စတင်ကျင်းပကြောင်း အခမ်းအနားမှူးကကြေညာပြီးသောအခါ ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က အဖွင့်မင်္ဂလာစကား ပြောကြားလေ၏။

"ယနေ့ ရထားလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးတို့နှင့်တကွ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများ၊ ဒေသခံမိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ပထမဦးစွာ မေတ္တာပို့သအပ်ပါတယ်ခင်ဗျား"

ကြည်လင်သောအသံ ဝစီကံနှင့်အတူ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၏ မေတ္တာမနောကံသည် မိုးနဘံသို့တိုင် ပျံ့ကြိုင်လွှမ်းမိုးသွားလေ၏။

"နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"တောနဲ့မြို့ကွာဟမှု ကျဉ်းမြောင်းသွားစေရေးအတွက် ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ နယ်စပ်ဒေသများမှာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် စီမံချက်များ ချမှတ်ဆောင်ရွက်ရန်"** လမ်းညွှန်မှုပေးထားသည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလျက်ရှိတဲ့ လွိုင်လင်ခရိုင် တောင်ဘက်ခြမ်း ကျေးရွာများနဲ့ တောင်ကြီးခရိုင် တောင်ဘက်ခြမ်း ကျေးရွာများ တစ်ရွာမှတစ်ရွာ၊ တစ်နေရာမှတစ်နေရာ လွယ်ကူချောမွေ့စွာကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားနိုင်စေဖို့ ယခုလို ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်ခင်ဗျား"။

ဆက်လက်၍ တိုင်းမှူးက "နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဖြစ်လာအောင် ဦးဆောင်တည်ဆောက်ရာဝယ် ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးရေးအထူးဒေသကြီး၂၄ခု တည်ထောင် အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကိုလည်း သတ်မှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လွိုင်လင်ခရိုင်တွင် ပင်လုံမြို့၌ တက္ကသိုလ်ကြီး တစ်ခု၊ လွိုင်လင်မြို့၌ ကောလိပ်နှစ်ခု၊ ခုတင်(၂၀၀)အထူးကုဆေးရုံကြီးနှင့် ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းစခန်း၊ ကျိုင်းတောင်းမြို့နယ်၌ ရေအားလျှပ်စစ်စီမံကိန်း၊ လင်းခေးမြို့နယ်၌ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိရာ-

ယခင်နှင့်မတူ တစ်မူထူးခြား ထွန်းကား လင်းလက် တိုးတက်ဖွံ့ဖြိုးသောအနေအထားကောင်းသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း"ဖြင့် ပြောကြားကာ "ယင်းအနေအထားကောင်းတို့ကို ပြည်သူ အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်" တိုက်တွန်းပြီး အဖွင့်မင်္ဂလာစကားရပ်နား၏။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာတွင် **"မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ခုနှစ်အထိ ရထားလမ်းအရှည် ၁၉၇၆ ဒသမ ၃၅မိုင်ရှိခဲ့ရာမှ ယနေ့ကာလတွင် ရထားလမ်းအရှည် ၃၀၁၁ ဒသမ ၉၈မိုင်အထိ တိုးတက်ဖောက်လုပ်နိုင်ကာ ပြည်သူ့အကျိုးကို သယ်ပိုးပေးနိုင်နေပြီဖြစ်ကြောင်း"** ထည့်သွင်းပြောကြားသကဲ့သို့ "ဖောက်လုပ်ဆဲ ရထားလမ်းများအဖြစ် ကောင်ဆိုင်း-ထီရိရထားလမ်း ၅၂ဒသမ၄၈မိုင်၊ ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေးရထားလမ်းပေါ်ရှိ ရေမျက်နီ-ကျော့ဥမင် ဖြတ်လမ်း ၂၆မိုင်၊ အုတ်ဖိုစု-သန်လျင်တက္ကသိုလ်ရထားလမ်းသစ်၃ဒသမ၃၃မိုင်၊ ကြေးနီ-ချောက် ရထားလမ်း၀ါးမိုင်တို့ကိုလည်း ဆက်လက်ဖောက်လုပ်လျက် ရှိကြောင်း" ထည့်သွင်းပြောကြားကာ "မြန်မာ့မီးရထားအနေဖြင့် ပြည်ထောင်စုကြီး အကျိုးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း" အထူးပြုပြောကြားလျက်"ရထားလမ်းသစ်များရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများသာမက ဒေသခံပြည်သူများကပါ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြပါရန်"ပန်ကြားရင်း စကားနိဂုံးသိမ်းလေ၏။ ဤတွင် မိုင်းစိတ်ကျေးရွာမှ ရှမ်းတိုင်းရင်းသား ဦးစိုင်းညွန့်က ဒေသခံပြည်သူများကိုယ်စား နိုင်ငံတော်သို့ ကျေးဇူးတင်စကား ပြန်လည်ပြောကြားလေ၏။

ထိုမှ မင်္ဂလာအချိန်ရောက်သောအခါ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ရထားသံလမ်းအထက်ပေ၂၀ခန့် အမြင့်၌ တင့်တယ်စွာတည်ဆောက်ထားသည့် မင်္ဂလာမုခ်ဦးအောက်သို့ ရောက်ရှိကာ သွယ်တန်းထားသော ဖဲကြိုးကို မင်္ဂလာကတ်ကြေးဖြင့်ဖြတ်လျက် ရထားလမ်းသစ်ဖွင့်လှစ်ပေးလေသော် ပရိသတ်အပေါင်းက သောင်းသောင်းဖြဖြ လက်ခုပ်သံဩဘာပေးကြသကဲ့သို့ အကအဖွဲ့များ၊ ယိမ်းအဖွဲ့များ၊ အတီးအမှုတ် အဖွဲ့များကလည်း အားရဝမ်းသာ ကခုန်တီးမှုတ်ကြပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့က ဖွင့်ပွဲလာပရိသတ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အမှတ်တရ ဓာတ်ပုံရိုက်ကြလေ၏။

ဤအချိန်၌ပင် မိုင်းစိတ်ကို ကျောပေး၍ ကောင်ဆိုင်းသို့ဦးတည်ကာ ဖွင့်ပွဲမင်္ဂလာအထူးရထားအဖြစ်ထွက်ခွာရန် အသင့်ရှိနေသော ရထားကြီးသည် အချက်ပြဥဩသံပေး ဖြည်းဖြည်းချင်း မင်္ဂလာမုခ်ဦးအောက်အရောက် ဘီးလိမ့်ခဲ့ပြီးခေတ္တရပ်နားသောအခါ တိုင်းမှူး၊ ဝန်ကြီးနှင့်တာဝန်ရှိသူများက ရထားပေါ်တက်ရောက်ကြသကဲ့သို့ အခြားလိုက်ပါကြမည့် ပရိသတ်များကလည်း အခြားတွဲများပေါ်သို့ ပြုံးပျော်စွာတက်ရောက်ကြ၏။ ထိုမှဖွင့်ပွဲမင်္ဂလာ အထူးခရီးစဉ်အဖြစ် ရထားဘီးဖြည်းဖြည်းချင်းလိမ့်လေသောအခါဝယ် တိုင်းမှူး၊ ဝန်ကြီးနှင့် အထူးရထားစီးပရိသတ်တို့က ရထားပေါ်မှအပြုံးကိုယ်စီဖြင့် လက်ပြနှုတ်ဆက်သကဲ့သို့ ရထားလမ်းဝဲ-ယာ တစ်လျှောက်မှ ဖွင့်ပွဲဝင် ပရိသတ်များကလည်း ပြုံးတုံ့လှယ် လက်ပြနှုတ်ဆက်ကြရင်း အပြုံများကြားမှ ပြုံးရထား ထွက်ခွာပါတော့၏။

မိုင်းစိတ်မှ ကောင်ဆိုင်း ၁၀ဒသမ၂၃မိုင်ခရီးကို ပထမဦးဆုံး ဖွင့်ပွဲမင်္ဂလာအထူးခရီးစဉ်အဖြစ် ထွက်ခွာလာသော ပြုံးပန်းရထားသည် တပ်မတော်သားတို့၏ ချွေးစက်ဖြင့်ဖောက်လုပ်အပ်သည့် သံလမ်းပေါ်ဝယ် ချောပြေစွာ သံဘီးများလိမ့်ရင်း ကောင်ဆိုင်းဘူတာသို့ အောင်မြင်စွာ ဆိုက်ရောက်လာပါတော့၏။ ဤမှရှေ့ခရီးသော်မူ . . .။

(ဃ)

ကောင်ဆိုင်းမှ နမ့်ဟိတ် ၉ဒသမ၁၉မိုင်၊ နမ့်ဟိတ်မှ တောင်ကိုင်း၆ဒသမ၂မိုင်၊ တောင်ကိုင်းမှ ပွန်ချောင်း ၁၂ဒသမ၁၆မိုင်ကို တပ်မတော်သားတို့၏ ချွေးစက်လုပ်အားဖြင့် ဆက်လက်ဖောက်လုပ်ဆဲရှိ၏။ ယင်းအပိုင်းသုံးပိုင်းတို့သည်လည်း ပြန့်ပြူးသောမြေပြင်မဟုတ်သည့်ပြင် လျှိုမြောင်များ၊ ချောင်းခြောက်များ၊ ချောင်းစိုများ၊ ချောက်ကမ်းပါးများ၊ ကျောက်တောင်ကျောက်စွယ်များ၊ တောင်တန်းတောင်ကုန်းများချည်း တည်ရှိနေသဖြင့် ချောင်းတွေ့လျှင် တံတားဆောက်၍၊ လျှိုမြောင်တွေ့လျှင် မြေနှင့်ကျောက်ဖို့၍၊ ကျောက်တောင်တွေ့လျှင်ထွင်းဖောက်ညှိ၍ ခက်ခဲစွာဖောက်လုပ်ဆဲဖောက်လုပ်လတ္တံ့ဖြစ်၏။

ဖော်ပြပါရထားလမ်းအပိုင်း သုံးပိုင်းအနက် ကောင်ဆိုင်း-နမ့်ဟိတ်အပိုင်း၌ တံတား၆၅စင်းတည်ဆောက်၊ မြေသားကျင်း ၇၅၂၅၂၄ကျင်း တူးဖို့၊ ဖြုန်းကျောက်ကျင်း ၅၃၆၉၁ကျင်း ထုတ်လုပ်၊ နမ့်ဟိတ်-တောင်ကိုင်းအပိုင်း၌ တံတား ၃၆စင်းတည်ဆောက်၊မြေသားကျင်း ၆၄၅၄၇၃ကျင်း တူးဖို့၊ ဖြုန်းကျောက်ကျင်း ၆၁၈၈၉ကျင်းထုတ်လုပ်၊ တောင်ကိုင်း-ပွန်ချောင်းအပိုင်း၌ တံတားအစင်း ၆၀တည်ဆောက်၊ မြေသားကျင်း ၁၁၆၄၇၅၂ကျင်း တူးဖို့၊ ဖြုန်းကျောက်ကျင်း ၄၇၂၀၈၂ကျင်း ထုတ်လုပ်ကြရမည်ဖြစ်သည်။

ထို့ပြင် အာဆီယံစံနှုန်းဖြစ်သော ရထားလမ်းအများဆုံး ခွင့်ပြုဆင်ခြေလျှော ၁အချိုး၈၀(၁ဒသမ၂၅ရာခိုင်နှုန်း)၊အများဆုံးခွင့်ပြုကွေ့ဒီဂရီ ၁၁ဒသမ၆၅ဒီဂရီ (စက်ဝိုင်းအချင်းဝက်၁၅၀မီတာ) စံနှုန်းအတိုင်း မြေပေါင်ညှိခြင်း၊သံလမ်းခင်းခြင်း၊ကျောက်ဖြည့်ခြင်းများ ဆောင်ရွက်ကြရမည်။ သံဘီးနောက်ပြန်လိမ့်မှု၊ သံဘီးချော်မှုစသော အန္တရာယ်များကင်းရှင်းသည့် စံမီရထားလမ်းသစ်ကြီးအဖြစ် ရေရှည်မျှော်မှန်း ကြိုးပမ်းလျက် ရှိကြပါကုန်၏။

မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၏ ကူညီမှုများနှင့်အတူ နယ်မြေခံ တပ်မတော်သားတို့၏ ချွေးစက်လုပ်အားဖြင့် ပင်ပန်းခက်ခဲစွာဖောက်လုပ်လျက်ရှိပါသော ယင်းရထားလမ်းသစ် အောင်မြင်ပြီးမြောက်သွားသောအခါ 'အမြင်နီးလျက်ခရီးခက်'ဟူသော ပြောထုံးတစ်ခုချုပ်ငြိမ်းကာ'အမြင်နီးတယ်ခရီးလွယ်'ဟူသော ပြောထုံးသစ်တည်ဖြစ်လာရင်း တပ်မတော်သားတို့၏ချွေးစက်က ဒေသအနာဂတ်အတွက် မိုးစက်မိုးပွင့်များ ဖြစ်လာတော့မည် မလွဲချေ။

(င)

နေရောင်ခြည်အောက်ဝယ် သွေ့ခြောက်မည်မဟုတ်သော ချွေးစက်များနှင့် လိမ်းကျံထားသည့် ရထားသံလမ်းပေါ်မှာ ဖြတ်ကျော်လွှားလွှား ရိပ်ရိပ်သွားနေမည့် မီးရထား၏မျက်နှာရိပ်သည် မောရိပ်မသန်း ဘယ်မပန်း ပြုံးပန်းပန်လျက်သာ ရှိနေမည် ဖြစ်ပါသတည်း။ ။

✻ ပုဂံထိပ်သီးမှ

ယင်းလေးနိုင်ငံ ပုဂံထိပ်သီးအစည်းအဝေးက ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်ပြီး လေးနိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းမှုများ ဖန်တီးဖော်ဆောင်သွားရန် ဆွေးနွေး ဆုံးဖြတ်ခဲ့ကြကြောင်း။

ဆုံးဖြတ်ခဲ့ကြ

ထို့အပြင် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေး၊ ထွက်ကုန်များအတွက် ဈေးကွက်ရှာဖွေရေး၊ ထားခြင်းလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလည်း ဖြစ်ထွန်းလျက်ရှိနေကြောင်း။

တိုးမြှင့်အကောင်အထည်ဖော်

ဤကဲ့သို့ မြန်မာ–ထိုင်းနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများဖြစ်ထွန်းနေသည့် အခြေအနေအချိန်အခါတွင် လေးနိုင်ငံ ပုဂံထိပ်သီးအစည်းအဝေး၏ ဆုံးဖြတ်ချက် သဘောတူညီချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ထပ်ဆောင်းပြီး တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့လိုကြောင်း။

ထို့အပြင် မြန်မာ–ထိုင်းနိုင်ငံတို့အကြား စက်မှုကဏ္ဍပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ စက်မှု

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က ပုဂံထိပ်သီးအစည်းအဝေးစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ မြန်မာ–ထိုင်းနှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များချမှတ်ပြီး ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီးဦးအောင်သောင်းက ထိုင်းနိုင်ငံသို့ ၂၀၀၄ ခုနှစ် မေ ၃ ရက်မှ ၇ ရက်အထိ သွားရောက်၍ ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် ချာဗလစ် ယောင်ချိုင်ယုဒ်၊ စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Phinij

မြန်မာ–ထိုင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာ–ထိုင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍတိုးမြှင့်ရေးတို့ အပါအဝင် လေးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် တစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုတို့ အပြန်အလှန်အကျိုးဖြစ်ထွန်းစေပြီး လေးနိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကွာဟချက်ကို ကျဉ်းမြောင်းပပျောက်သွားစေရန် မျှော်မှန်းပြီး ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လေးနိုင်ငံ ပုဂံထိပ်သီးအစည်းအဝေး၏ ဆွေးနွေးဆုံးဖြတ်ချက်များ၊ သဘောတူညီချက်များနှင့် ပတ်သက်၍ မိမိတို့နိုင်ငံအပိုင်းမှ ဆောင်ရွက်ဖွယ်များကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နယ်နိမိတ်ချင်းရှည်လျားစွာ ဆက်စပ်နေသည့်အပြင် ချစ်ကြည်ရင်းနှီးစွာ ဆက်သွယ်ဆက်ဆံနေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အလျောက် စီးပွားရေး၊ ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်ရေး၊ စိုက်ပျိုးရေး၊ ခရီးသွားလာရေး၊ ဆက်သွယ်ရေးနယ်ပယ်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နေသလို ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ လူသားချင်း စာနာထောက်

လုပ်ငန်းကြီးများ၊ စက်မှုဇုန်ကြီးများ ဖြစ်ထွန်းလာစေရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများလည်း စတင်အကောင်အထည်ဖော်ကြရန် ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်ရေးအပါအဝင် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်၍ မြန်မာ–ထိုင်းနှစ်နိုင်ငံအကြား နယ်ပယ်ကဏ္ဍစုံတွင်ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းနေသည့် အချိန်အခါတွင် မိမိတို့အပိုင်းက နှစ်နိုင်ငံ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ပေါ်ဖြစ်ထွန်းရေးနှင့် တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးတို့အတွက် ယခုအစည်းအဝေးတွင် ဆွေးနွေး တင်ပြသွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

Jurusombat၊ ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Sonphong Wanapha နှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအရ နှစ်နိုင်ငံအကြား စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများ၊ မြန်မာနိုင်ငံ၌ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက မြန်မာ–ထိုင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအကောင်အထည်ဖော်ရေးနှင့်တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ မိမိတို့ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ပြန်လည်ရှင်းလင်းဆွေးနွေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကိုပြန်လည်ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ အမှတ် ၁၂၁၊ ၁၂၃၊ အောင်မင်္ဂလာမော်တော်ယာဉ်လိုင်းမှ (၈)ကြိမ်မြောက် စုပေါင်းဒုလ္လဘရဟန်းခံရှင်ပြုပွဲကို မေ ၉ ရက်က မင်္ဂလာဒုံမြို့နယ် ကျိုက္ကလဲ့ မင်းကျောင်း၌ကျင်းပရာ အသင်း ဥက္ကဋ္ဌ ဦးလှမြင့်က ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။ (၃၆၃)

မေ ၁၆ ရက်က ဘရူနိုင်းဒါရုဆလမ်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၁၈)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးသို့တက်ရောက်ခဲ့သော အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

မေ၁၁ရက်က လမ်းမတော်မြို့နယ် အမှတ်(၉) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဟန်တင်နှင့် ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

မိုးထစ်ချုန်း

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြဝတီရုပ်မြင်သံကြား

၁၇–၅–၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၀ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Privatization & FDT in Myanmar (ပြည်သူ့ရေးရာ)
၅း၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၃၅ ၁၆။ လျှပ်တစ်ပြက်
၆း၄၅ ၁၇။ မေးမြန်းစူးစမ်း
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"** (အပိုင်း–၂၂)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၁၇)
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။



အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁၀/၂၀၀၄)တွင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မေ ၁၇ရက်တွင် ကျင်းပမည့် အမျိုးသားညီလာခံကြီးအောင်အောင်မြင်မြင်ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြည့်စုံစွာဆောင်ရွက်ထားရှိရေး၊ ညီလာခံကိုယ်စားလှယ်ကြီးများညီလာခံသို့ အဆင်ပြေချောမွေ့စွာ တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရေး၊ ကိုယ်စားလှယ်များ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးတို့နှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု နောက်ဆုံးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက အမျိုးသားညီလာခံ ဆွေးနွေးပွဲများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က ကိုယ်စားလှယ်များ၏ နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေး၊ သက်သာချောင်ချိရေးဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညနေ၅နာရီခွဲတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

❒ ***အမျိုးသားညီလာခံမှ***

ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသည့် Myanmar Optic Co.,Ltd.ကိုယ်စားအုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးပိုင်က ငွေကျပ် ၃၉ သိန်းတန်ဖိုးရှိ သားရေတု လက်ဆွဲအိတ်အလုံး၂၀၀၀၊ ဦးကျော်ညွန့်(ကျော်ညွန့်ရည်)-ဒေါ်ဝါဝါကျော် မိသားစုက ငွေကျပ်ငါးသိန်း၊ Nibban Electric & Electronics မှအထွေထွေမန်နေဂျာ ဒေါက်တာ အောင်သိန်းက ငွေ ၁၀၃၂၆၃၉ ကျပ် တန်ဖိုးရှိ Nibban 2 in 1 TV Antenna (Model : NA-330) ၆၄ စုံနှင့် ဦးမြတ်သင်းအောင်-သီရိသုမေ္မသီဂီ ဒေါ်ခင်မြင့်မြင့်တို့က ငွေကျပ် ၁၁ သိန်းတန်ဖိုးရှိ အင်တာနာ အပါအဝင် Star (21) လက်မ ရုပ်မြင်သံကြားပြစက် ၁၀ လုံးတို့ကိုပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင် လက်ခံသည်။

ရှင်းလင်းပြောကြား

ထို့နောက် အလှူရှင်များကိုယ်စား Myanmar Optic Co., Ltd. မှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးစိုးပိုင်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲတွင် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင် က ဦးမြတ်သင်းအောင် သီရိသုမေ္မသီဂီ ဒေါ်ခင်မြင့်မြင့်တို့က လှူဒါန်းသော ငွေကျပ် ၁၁ သိန်း တန်ဖိုးရှိ အင်တာနာ အပါအဝင် Star (21)လက်မ ရုပ်မြင်သံကြားပြစက် ၁၀ လုံးကို လက်ခံယူစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က Nibban Electric & Electronicsမှ အထွေထွေမန်နေဂျာ ဒေါက်တာအောင်သိန်း လှူဒါန်းသော ငွေကျပ် ၁၀၃၂၆၃၉ တန်ဖိုးရှိ Nibban 2 in 1 TV Antenna(Model;NA-330) ၆၄ စုံကို လက်ခံယူစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က ဦးကျော်ညွန့်(ကျော်ညွန့်ရည်)- ဒေါ်ဝါဝါကျော် မိသားစုက လှူဒါန်းသော ငွေကျပ်ငါးသိန်းကို လက်ခံယူစဉ်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရည်မှန်းချက်အတိုင်းအောင်မြင်အောင်ဆောင်ရွက်

ရန်ကုန် မေ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဆွေသည် တာဝန်ရှိသူများ လိုက်ပါ၍ မေ ၁၂ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှ ထွက်ခွာရာ မွန်းလွဲပိုင်းတွင် တန့်ယန်းမြို့သို့ရောက်ရှိသည်။ တန့်ယန်းမြို့ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်တွင် စာသင်သား သံဃာတော်များအတွက် သင်္ကန်းများနှင့် ဆွမ်းဆန်တော်၊အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် ဝေဠုဝန်စာသင်တိုက်သို့ ရောက်ရှိပြီး စာသင်သံဃာတော် အပါး ၃၀၀ အတွက် သင်္ကန်းနှင့် ဆွမ်းဆန်တော်၊အလှူငွေများ ဆက်ကပ်လှူဒါန်းကာ နယ်စပ်ဒေသ သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် မန်မန်ဆိုင်သို့ ရောက်ရှိ၍ ဒေသမှတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များညှိနှိုင်းသည်။ မေ ၁၃ ရက် နံနက်ပိုင်းတွင် မန်မန်ဆိုင်မှ ထွက်ခွာရာ ကုန်းဆာရှိ မိုင်းပတ်-ပန်ဆန်း လမ်းကတ္တရာခင်းခြင်းလုပ်ငန်း ယာယီရုံးခန်းသို့ရောက်ရှိ၍ လမ်းလုပ်ငန်းကြီးကြပ်ဆောင်ရွက်နေသော ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူးကြီး ဦးကျော်ဦး၊ ဒေသမှတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လုပ်ငန်းပြီးစီးမှုများ၊ ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများကို ညှိနှိုင်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ကတ္တရာလမ်းခင်းခြင်း ပြီးစီးမှုကိုစစ်ဆေးပြီး လမ်းဖောက်လုပ်ဆောင်ရွက်နေသော ဒေသမှ ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ထိုမှ ဆက်လက်ထွက်ခွာရာ ဖာတန်ကျောက်ထုတ်လုပ်ရေးစခန်းသို့ ရောက်ရှိ၍ ကျောက်ထုတ်လုပ်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ပန်ဆန်းမြို့တွင် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မိုင်းပတ်-ပန်ဆန်း ကားလမ်း ကတ္တရာလမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးသည်။ ထိုမှ ပန်ဆန်းဒေသဖွံ့ဖြိုးရေးရုံးသို့ ရောက်ရှိပြီး ပန်ဆန်းမြို့တွင် တာဝန်ထမ်းဆောင်နေသည့် နယ်စပ်ဒေသဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆောင်ရွက်ရေး မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။မွန်းလွဲပိုင်းတွင် ပန်ဆန်းမြို့မှ ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ဝိန်းကောင်မြို့သို့ ရောက်ရှိပြီး ဝိန်းကောင်တိုက်နယ်ဆေးရုံပြုပြင်ခြင်း လုပ်ငန်းနှင့် ကြေးနန်းရုံး တည်ဆောက်မှုလုပ်ငန်းများကို စစ်ဆေးသည်။ ထို့နောက် ဒေသမှ တာဝန်ရှိသူများ၊နယ်စပ်ဒေသဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာပရိတ်တော်နှင့် ဓမ္မစကြာ သင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၆

ဗဟန်းမြို့နယ် ရွှေဂုံ တိုင်လမ်း အမှတ် ၂၂၂ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် သာသနာ့ဗိမာန်တော်တွင် နှစ်စဉ်ဖွင့်လှစ်မြဲဖြစ်သော မဟာပရိတ်တော်နှင့် ဓမ္မစကြာ သင်တန်းကို မေ ၂၂ရက် (စနေနေ့) နံနက် ၈နာရီမှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေတိုင်း ဖွင့်လှစ်၍ မဟာပရိတ်တော်ကို ဆရာကြီးဦးမြင့်စိုး (ပါဠိ ပါရဂူ၊ ဝိနယ ပါရဂူ)က သင်ကြားပြီး ဓမ္မစကြာ သင်တန်းကို ဆရာမကြီး ဒေါ်ခင်မာတင့်က သင်ကြားပေးမည်ဖြစ်သည်။ ထို့အပြင် အပတ်စဉ် စနေ၊တနင်္ဂနွေတိုင်းတွင်လည်း နံနက် ၉နာရီခွဲမှ ညနေ ၃နာရီခွဲအထိ သုံးနှစ်မှ ငါးနှစ်အရွယ် ရင်သွေးငယ်လေးများ၏ လုမ္ဗိနီရင်ခွင်ပိုက် သာသနာပြု သင်တန်းကိုလည်း ဖွင့်လှစ်ထားရာ ဖုန်း-၅၄၁၉၄၃သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

● *ကျော့ဖုံးမှ*

(၁၁)ကြိမ်မြောက်နှင့်(၁၂)ကြိမ်မြောက်တို့တွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဘဲ ယခု(၁၃)ကြိမ်မြောက်ကျမှ ပဏာမလူငယ်လက်ရွေးစင် အမျိုးသားအသင်းကို အားကစား ဝန်ကြီးဌာန ဝန်ကြီး၏ လမ်းညွှန်မှု မြန်မာနိုင်ငံ ဘောလီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်ထွန်းနိုင်နှင့် အမှုဆောင်များ၏ အနီးကပ်ကြပ်မတ်ဆောင်ရွက်မှုဖြင့် သွားရောက်ယှဉ်ပြိုင်မှာဖြစ်သည်။

မြန်မာလူငယ် ပဏာမဘော်လီဘောအမျိုးသားအသင်းကို မတ်၂၈ ရက်တွင် ပဏာမလူငယ် ၂၇ ဦးဖြင့် ပြည်နယ်နှင့်တိုင်းပြိုင်ပွဲနှင့်ဝန်ကြီးဌာနများမှရွေးချယ်ကာ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံဘော်လီ

ဘောအဖွဲ့ချုပ်လေ့ကျင့်ရေးရုံး၌စခန်းသွင်း လေ့ကျင့်ပေးခဲ့သည်။ အဆိုပါလေ့ကျင့်ရေးရုံး၌ မြန်မာနိုင်ငံအတွက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများမှ ရွှေတစ်ခု၊ ငွေတစ်ခု ရယူပေးထားသူ နည်းပြဆရာအရာခံဗိုလ်စောဟင်နရီ (ကာကွယ်ရေး)နှင့်စာရေးသူတွေ့ဆုံ၍ လေ့ကျင့်ပုံ၊ နည်းစနစ်နှင့် နေထိုင်စားသောက်မှုကို တွေ့ဆုံမေးမြန်းချက်များကို တင်ပြလိုက်ပါသည်။

နည်းပြဆရာ အရာခံဗိုလ်စောဟင်ရနီက "ယခုပြိုင်ပွဲဝင်မည့် မြန်မာလူငယ်အသင်းကို နည်းပြချုပ်ဦးစိုးသိန်း (အတွင်းရေးမှူး၊ မြန်မာနိုင်ငံဘောလီဘောအဖွဲ့ချုပ်)မှဦးဆောင်၍ မိမိနှင့်လက်ထောက်နည်းပြဆရာဦးစိုင်းထွန်းဦး(လဝက)တို့က မတ်လကုန်ခါနီးတွင် ပဏာမလူငယ်လက်ရွေးစင် ၂၇ဦးဖြင့် စတင်လေ့ကျင့်ခဲ့ပြီး ဧပြီ ၆ရက်တွင် ပဏာမလူငယ် ၂၇ဦးထဲမှ ပထမအကြိမ် ၁၇ ဦးကို ဖြတ်ကာ ပြိုင်ပွဲသွားရောက်သည် အထိ လေ့ကျင့်ပေးပြီး အဆိုပါ ၁၇ ဦးထဲမှ၁၂ ဦးကို အပြီးသတ်ရွေးချယ်မှာ ဖြစ်ကြောင်း၊ နေ့စဉ် နံနက် ၇နာရီ မှ ၉ နာရီ၊ ညနေ ၄ နာရီမှ ၆နာရီအထိ တစ်ကြိမ်နေ့စဉ် နှစ်ကြိမ်လေ့ကျင့်မှု ပြုလုပ်ကြောင်း၊ မတ်လမှ မေလအထိ မိမိကလေးတွေကို ပါဝါလေ့ကျင့်မှု၊ တစ်ဦးချင်း ကျွမ်းကျင်မှုနှင့် ဘောလုံး ထိန်းသိမ်းမှု ကောင်းအောင် လေ့ကျင့်ပေးလျက်ရှိသည်။

နေ့စဉ် ကျွေးမွေးမှုအနေဖြင့် မိမိကလေးများ ခွန်အားဖြည့်တင်းစေရန် အုပ်ချုပ်မှု အပိုင်းက နံနက် ၆နာရီ လေ့ကျင့်မှု မပြုလုပ်ခင် နံနက်စာ (ဘရိတ်ဖတ်) ကျွေးမွေးပြီး နေ့လယ်စာနှင့်ညနေလေ့ကျင့်မှုမဆင်းခင် မုန့်၊ ၄က်ပျောသီး၊ ကြက်ဥများကျွေးမွေးဖြည့်တင်းပေးပြီး ည ၇နာရီ ညစာကျွေးမွေးကြောင်း၊ည ၉နာရီ တန်းစီပြီး ခေါက်ဆွဲထုပ်များဝေငှပြီး အာဟာရဖြည့်တင်းပေးကြောင်း၊ တစ်ဦးလျှင် ပျမ်းမျှ ၁၅၀၀ နှုန်းဖြင့် နေ့စဉ်ကျွေးမွေးကြောင်း၊ အုပ်ချုပ်မှုပိုင်းနှင့် နည်းပြပိုင်းကပါ မိမိတို့ အောင်မြင်ခဲ့သည့် အစဉ်အလာကောင်းများကို ထိန်းသိမ်းရန် အလေးအနက် ထားရှိဆောင်ရွက်ခြင်းကြောင့် မိမိကလေးများ စိတ်ဓာတ်

တက်ကြွလျက်ရှိပြီး ကြိုးစားအားထုတ်မှု မြင့်မားခဲ့ကြောင်း"စသဖြင့် မြန်မာ့အလင်းသို့ပြောကြားသွားသည်။

ရွေးချယ်ထားသော ပဏာမလူငယ်လက်ရွေးစင်အမျိုးသား ၁၇ဦးမှာ ပင့်ထောင်ကစားသမားအဖြစ် စံရွှေမောင် (ပို့ဆောင်ရေး)၊ ချမ်းငြိမ်းသူ (လဝက)နှင့် လွှမ်းမိုးအောင်(ကာကွယ်ရေး)တို့ဖြစ်ပြီး၊ ညာခြမ်း အမြင့်ဘောအရိုက်သမားများအဖြစ် သားအို (ကာကွယ်ရေး)နှင့် မောင်မောင်ထွေး (ပို့ဆောင်ရေး)၊ ဘယ်ခြမ်း အမြင့်ဘောအရိုက်သမားများအဖြစ် မြတ်ကျော်ထွန်း(အား/ ကာသိပ္ပံ–ရန်ကုန်)၊ စည်သူထွန်း၊ ပြည့်ဖြိုးလှိုင် (လဝက) နှင့်ကျော်သူရနှင့် ဖြိုးဝေလှိုင်(ပို့ဆောင်ရေး)၊ ဗဟိုကစားသမား(ပိတ်ဆို့သူ)

အရှေ့တောင်အာရှပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် ပဏာမ လူငယ် (အမျိုးသား) ဘော်လီဘော အသင်းနည်းပြဆရာ အရာခံဗိုလ် စောဟင်နရီက လေ့ကျင့်မှုနှင့် ပတ်သက်၍ မြန်မာ့အလင်းသို့ ရှင်းပြစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

များအဖြစ် ဇော်ဇော်အောင် (လဝက)၊ စိုင်းညီလေး (လဝက)၊ သန့်ဇင်အောင် (အား/ကာသိပ္ပံ–ရန်ကုန်)၊အောင်ကြိုင် (အား/ကာသိပ္ပံ–မန္တလေး)၊ ဘိုဘိုထွန်း (အား/ကာသိပ္ပံ–ရန်ကုန်)နှင့် စောကျော်အောင် (ပို့ဆောင်ရေး)တို့ ဖြစ်ပြီး ခုခံဆယ်မသူ (လစ်ဘရို) နောက်တန်း ကစားသမားအဖြစ် တင်မောင်ထွေး(ပြည်ထဲရေး)တို့ ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**



ပဏာမ မြန်မာ့လူငယ် (အမျိုးသား) ဘော်လီဘောအသင်း အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ရိုက်ခုတ်မှုနှင့် ပိတ်ဆို့မှုအတွက်လေ့ကျင့်စဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ကျေးလက်ဒေသဖွံ့ဖြိုးရေးကျောက်ချောလမ်းနှင့်စက်ရေတွင်းဖွင့်

ရန်ကုန် မေ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် မေ ၁၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အစိုးရကွန်ပျူတာကောလိပ်သွား ကျောက်ချောလမ်းဖွင့်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ် အမှုဆောင် အရာရှိနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ လမ်းမှာ အရှည် ၄၆၅၆ ပေ၊ အကျယ် ၁၂ ပေရှိ ကျောက်ချောလမ်းဖြစ်ပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၈၄၇၀၀၀၀ ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့်ညွှန်ကြားရေးမှူးချုပ်သည် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ မိတ္ထီလာမြို့နယ် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စက်ရေတွင်းများ တူးဖော်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးပြီး ကျေးလက်ပြည်သူများ၏ လိုအပ်ချက်များအား ဆောင်ရွက်ပေးခဲ့သည်။

ရေးဦးစွာ ကျီကုန်းကျေးရွာစက်ရေတွင်းဖွင့်ပွဲသို့ တက်ရောက်ခဲ့ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)** စက်ရေတွင်းမှာ နှစ်လက်မ စက်ရေတွင်း အမျိုးအစားဖြစ်ပြီး အနက်ပေ ၂၁၀၊ ရေထွက်နှုန်း တစ်နာရီ ဂါလန် ၁၅၀၀ ထွက်ရှိသဖြင့် ကျီကုန်းကျေးရွာရှိ အိမ်ခြေ ၆၅ အိမ်၊ လူဦးရေ ၃၅၅ ဦးတို့ သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်ပြီဖြစ်သည်။

ထိုအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော် အကြီးအကဲ၏ ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စီမံကိန်းများ ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်ရန် လမ်းညွှန်မှုအရ စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် မိတ္ထီလာမြို့နယ် စိမ်းလန်းစိုပြည်ရေး စီမံကိန်းတွင် ပထမဆင့်အဖြစ် ကျေးရွာ ၂၀တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ရေရှားပါးသည့် ကျေးရွာများအားဦးစားပေးဆောင်ရွက်လျက်ရှိပြီး ထိုမှတစ်ဆင့် မြို့နယ်လုံးကျွတ်ရေရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ညွှန်ကြားရေးမှူးချုပ်သည် အောင်သာကျေးရွာ စက်ရေတွင်း တူးဖော်နေမှုအား စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ထိုစက်ရေတွင်းမှာ အနက်ပေ ၂၀၀ရောက်ရှိပြီဖြစ်ကြောင်းနှင့် စက်ရေတွင်းပြီးစီးပါက အိမ်ခြေ ၁၄၀၊ လူဦးရေ ၇၀၂ဦးတို့ သန့်ရှင်းသော သောက်သုံးရေ ရရှိသုံးစွဲနိုင်မည်ဖြစ်သည်။

သောက်သုံးရေရရှိ

ဆက်လက်၍ ချမ်းသာကြီးရွာသစ် ကျေးရွာ စက်ရေတွင်းတူးဖော်ပြီးစီးမှုအား စစ်ဆေးကြည့်ရှုရာ အနက် ၂၁၅ပေတွင် ရေထွက်နှုန်း တစ်နာရီ ၁၅၀၀ ဂါလန်ထွက်ရှိသဖြင့် ကျေးရွာရှိ အိမ်ခြေ ၅၉အိမ်၊ လူဦးရေ ၃၄၀တို့ သန့်ရှင်းသော သောက်သုံးရေ ရရှိပြီဖြစ်သည်။

ထိုမှတစ်ဆင့်တလင်းကုန်းကျေးရွာသို့ ရောက်ရှိပြီး အနက်ပေ ၂၁၀တွင် ရေစမ်းသပ်မှုတ်ထုတ်မှုအား ကြည့်ရှုစစ်ဆေးရာ ရေထွက်နှုန်း တစ်နာရီ ဂါလန် ၁၂၀၀ ထွက်ရှိနိုင်သဖြင့် ကျေးရွာရှိ အိမ်ခြေ ၂၁အိမ်၊ လူဦးရေ ၁၀၂ ဦးတို့ သန့်ရှင်းသော သောက်သုံးရေ ရရှိသုံးစွဲနိုင်ပြီဖြစ်သည်။

(သတင်းစဉ်)

အင်္ဂလိပ်ပရီမီယာရှစ်ပွဲစဉ်များပြီးဆုံး အာဆင်နယ်ရှုံးပွဲမရှိစံချိန်ထိန်းနိုင်

ရန်ကုန် မေ ၁၆

အင်္ဂလိပ်ပရီမီယာရှစ် ပွဲစဉ်(၃၈)ကို ယမန်နေ့က ဆက်လက်ကျင်းပရာ ပွဲမကုန်မီ ချန်ပီယံသရဖူဆွတ်ခူးထားသော အာဆင်နယ်အသင်းက လက်စတာအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဘောလုံးရာသီတစ်ခုလုံး ရှုံးပွဲမရှိသည့် စံချိန်တင်လိုက်နိုင်သည်။

အာဆင်နယ်အသင်း၏ ဟိုက်ဘူရီကွင်း၌ ယှဉ်ပြိုင်ကစားသော ပွဲစဉ်တွင် အာဆင်နယ်အသင်းက နှစ်ဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ ပထမဂိုးကို ၄၇ မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် အွန်နရီက သွင်းယူသည်။ ဒုတိယဂိုးကို ၆၆ မိနစ်တွင် ပက်ထရစ်ဗီယာရာက သွင်းယူပေးသည်။ လက်စတာအသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ရာ ၂၆ မိနစ်တွင် ပေါလ်ဒီကော့ဗ်က သွင်းယူသည်။

အခြားပွဲစဉ်များတွင် မန်ချက်စတာယူနိုက်တက်အသင်းက အက်စတွန်ဗီလာ အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ ဖူဟမ်အသင်းက ဘော်လတန်အသင်းကို နှစ်ဂိုး–တစ်ဂိုး၊ ချာလတန်အသင်းက ဆောက်သမ်တန်အသင်းကို နှစ်ဂိုး–တစ်ဂိုး၊ ချယ်လ်ဆီးအသင်းက လိဒ်စ်အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ မန်ချက်စတာစီးတီးအသင်းက အဲဗာတန်အသင်းကို ငါးဂိုး–တစ်ဂိုး၊ ပို့စ်မောက် အသင်းက မစ်ဒယ်ဘရော့အသင်းကို ငါးဂိုး–တစ်ဂိုး၊ တော့တင်ဟမ်အသင်းက ဝုလ်ဗာဟမ်တန်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြသည်။

လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့ တစ်ဂိုးစီသရေ၊ ဘလက်ဘန်းအသင်းနှင့် ဘာမင်ဂမ်အသင်းတို့ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ကြသည်။ ပရီမီယာရှစ်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ချန်ပီယံလိဂ်သို့ တိုက်ရိုက်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိကြပြီး မန်ချက်စတာယူနိုက်တက်အသင်းနှင့် လီဗာပူးအသင်းတို့ ခြေစစ်ပွဲအဆင့်မှ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ လက်စတာအသင်း၊ ဝုလ်ဗာဟမ်တန်အသင်းနှင့် လိဒ်စ်အသင်းတို့ ပထမတန်းသို့ ဆင်းသွားရပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်းဂျာနယ် ယခုအပတ်ဖြန့်ချိ



ရန်ကုန် မေ ၁၆

နိုင်ငံတကာ သတင်းဂျာနယ် အမှတ်စဉ်(၄၅၀)ကို ယနေ့ စတင်ဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

'မီဒီယာခေတ် မကျန်ရစ်ဖို့' ဟူသော ဂျာနယ် ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား တင်ဆက်နေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် ရုရှားဝန်ကြီးချုပ်သစ်၊ အေသင်အိုလံပစ်ပွဲတော် လုံခြုံရေး၊ နော်ရှုးနိုင်ငံ၊မငြိမ်းချမ်းနိုင်သေးသည့် ချေချင်းညာ၊ အီရတ်သို့ရောက်ရှိလာသည့် ရမ်းစဖဲလ်နှင့် အီရတ်အကျဉ်းသားများ ညှဉ်းပန်းခံရမှု၊ တရုတ်ပြည်၏ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ၊ ကာလကတ္တားကလန်ချား၊ ဘယ်လ်ဂျီယံ ခရီးသွားလုပ်ငန်း၊ အမေရိကန်၏ လူ့အခွင့်အရေးမှတ်တမ်း၊ အိန္ဒိယနိုင်ငံရေး၊ အီရတ်ရောက်ရုရှားအလုပ်သမားများ၊ အကျဉ်းသားများညှဉ်းပန်းမှု အမေရိကန်တပ်ဖွဲ့ဝင်ခုနစ်ဦးကို စွဲချက်တင်၊ ကမ္ဘာ့ငါးမျိုး မျိုးသုဉ်းနိုင်မှု သတိပေးချက်၊ အကြမ်းဖက်မှုနှင့် အမေရိကန် စသည့် သတင်းများနှင့် သတင်းဆောင်းပါးများ စုံစုံလင်လင် ဖော်ပြပါရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

ခေ့ခပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ၂၉/၂၇၁၊ မင်းလမ်း၊ ရွှေပြည်သာမြို့နေ
ဦးကျော်ဇင်နှင့် ဒေါ်မြင့်မြင့်ခင်တို့၏ သားထွေး
မောင်ဗိုလ်ဗိုလ်ဇင်
နှင့်
ရန်ကုန်မြို့၊ ၁၄(စီ)၊ အခန်း ၆၊ မကြီးကြီးလမ်း၊ စမ်းချောင်းနေ
Capt; ဦးလှဝင်းမောင်နှင့် ဒေါ်ဆွေဆွေတင်တို့၏ သမီးကြီး
မဇာဖြူဝင်း

တို့သည် ၁၅-၅-၂၀၀၄ရက်(စနေနေ့)တွင် နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့၌ ခေ့ခပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ဗိုလ်ဗိုလ်ဇင်-မဇာဖြူဝင်း။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မိတ္ထီလာမြို့၊ နန်းတော်ကုန်းလမ်း၊ အမှတ် ၃၃နေ
(ဦးအောင်ဇော်)-ဒေါ်ခင်မြဝင်းတို့၏သား
မောင်အောင်ကျော်မင်း B.A (Geography)
Managing Director (Great Fame Co.,Ltd.)
နှင့်
ဒိုက်ဦးမြို့၊ အောင်ချမ်းသာလမ်း၊ အမှတ် ၅၄နေ
ဦးကျော်မြင့်(လက်ထောက်တိုင်းပညာရေးမှူး၊ ငြိမ်း)-ဒေါ်တင်ဦး(အထက်တန်းပြ၊ ငြိမ်း)
တို့၏သမီး

ဒေါက်တာအေးမြတ်ဦး M.B.,B.S (Ygn)
M.Med.Sc(Part-I.Ophthalmology)
ဆေးတက္ကသိုလ်(၁)ရန်ကုန်
တို့၏

၁၆-၅-၂၀၀၄ရက် Traders Hotelတွင်ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့်ဇနီးဒေါ်ကြည်ကြည် အုန်းအားလည်းကောင်း၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ပြည်စုံနှင့်ဇနီးဒေါ်အေးပြည့်ဝေခင်အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းအားလည်းကောင်း၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်ဇနီးဒေါ်အေးအေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့်ဇနီးဒေါ်သန်းသန်းနွဲ့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော ညီမလေးမြတ်ရည်၊ မင်္ဂလာပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဖန်ကိုင်ဆောင်ပေးသော သားစစ်ရန်နိုင်နှင့် သမီးအိင့်ဖူး တို့အားလည်းကောင်း၊ ၁၆-၅-၂၀၀၄ရက် Traders Hotel၌ ကျင်းပသောမင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ကျော်မင်း-မအေးမြတ်ဦး။

ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၅-၂၀၀၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ-၁၄တွင်ပါသောဗိုလ်ကြီးထွန်း လွင်ထွန်းနှင့် မစုစုနှင်း(ခ)မစုစုလှိုင်တို့၏ မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ ကြော်ငြာ တွင် ဒေါ်ထားထားဦးအစား ဒေါ်ထားထား ခိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

မောင်ဇေယျာလင်း [၁၂/ဒဂန(နိုင်)၀၃၀၁၁၅]
နှင့်
မစုမြတ်ညီမိမ်း [၁၂/ဗဟန(နိုင်)၀၈၂၇၆၂]

တို့သည် ၁၄-၅-၂၀၀၄ရက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ဇေယျာလင်း-မစုမြတ်ညီမိမ်း။

အားသာမြန်သည်။
အင်္ဂလိပ် - မြန်မာ
မြန်မာ - အင်္ဂလိပ်
Ph : 539998

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးစိန်စတင်း-ဒေါ်နိုင်နိုင်မော်တို့၏ သား
မောင်ကျော်ကျော်ဟန် (Final Year) Music
University of Culture
နှင့်
ရန်ကုန်မြို့နေ ဆရာကြီး ဦးမြကုလား-ဒေါ်မြမြမိုးတို့၏သမီး
မသူဇာအောင် (Final Year)Music
University of Culture

တို့သည် ၁၁-၅-၂၀၀၄ ရက် (အင်္ဂါနေ့)တွင် မဟာသန္တိသုခဗုဒ္ဓသာသနာပြု ကျောင်းတော်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်ကျော်ကျော်ဟန်-မသူဇာအောင်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၇၇/၂ နေ
ဦးသောင်းတင်(မန်နေဂျာ၊ ကမ်းနားဟိုတယ်၊ အငြိမ်းစား)-ဒေါ်သန်းသန်းစိန်တို့၏
တစ်ဦးတည်းသော သား

ဒေါက်တာကံထွန်း M.B.,B.S, M.D
Department of Obstetric+Gynaecology
Brookdale University Hospital& Medical Center,NY, USA

နှင့်
ရန်ကုန်မြို့၊ အမှတ် ၁၁၅၊ တက္ကသိုလ်ရိပ်သာလမ်း(ထွန်းဂေဟာ)နေ
ပါမောက္ခဒေါက်တာဦးလှသိန်း-ဒေါ်လှလှထွန်း
တို့၏ သမီး

ဒေါက်တာခင်မမသိန်း M.B.,B.S
Department of Medicine, National University Hospital(Singapore)

တို့၏ ၉-၅-၂၀၀၄ ရက်တွင် **Sedona Hotel** ၌ ကျင်းပသော မင်္ဂလာလက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မော်ကွန်းတင် လက်မှတ်ရေးထိုးပေးခြင်းနှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ဆင်မြန်းပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာ ဦးတင်အောင်အေးနှင့် ဇနီးဒေါ်ခင်ဝင်းအား လည်းကောင်း၊ မင်္ဂလာလက်စွပ် ချီးမြှင့်ဆင်မြန်းပေးသော ဗိုလ်မှူးကြီးရဲသွေး(ပါမောက္ခ၊ ဌာနကြီးမှူး၊ ဆေးကုသမှုပါရဂူ၊ အမှတ်-၂၊ တပ်မတော် ဆေးရုံနှင့် တပ်မတော်ဆေးတက္ကသိုလ်)နှင့်ဇနီး ပါမောက္ခ ဒေါက်တာဒေါ်အေးအေးမြင့်(ပါမောက္ခ၊ ဌာနမှူး၊ ရောဂါဗေဒဌာန၊ မြောက်ဥက္ကလာပ ဆေးရုံကြီးနှင့် ဆေးတက္ကသိုလ်-၂)အား လည်းကောင်း၊ ရွှေဥမင်ကျောင်းတွင် ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် **Traders Hotel** တွင်ပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက် ချီးမြှင့်ပေးသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသောသူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာကံထွန်း-ဒေါက်တာခင်မမသိန်း။

မြန်မာ့ရိုးရာ လက်ဝှေ့ပွဲရက်ရွှေ့ဆိုင်း

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်ကကြီးမှူး၍ ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာ ကော်မတီ ရန်ပုံငွေအဖြစ် ကျင်းပမည့် မြန်မာ့ရိုးရာ လက်ဝှေ့ စိန်ခေါ်ပွဲကို သောင်ဒဂုံ မိုးလုံလေလုံအားကစားရုံတွင် မေ ၂၂ ရက်နှင့် ၂၃ ရက်တွင် ကျင်းပရန် စီစဉ် ထားသော်လည်း ပြိုင်ပွဲ ကျင်းပမည့်ရက် ရွှေ့ဆိုင်းထားပါသဖြင့် ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဆိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

မောင်ဇော်ထွန်းနိုင် B.Sc(Hons:), M.Sc(Zoology)
DPMS (Medical Technology)
Doctors Without Borders (MSF-Switzerland)
(Dawei Project) နှင့်

မဆွေဆွေယု B.Sc(Zoology)Q
DPMS(Medical Technology)
Lion Myanmar International Co., Ltd.

နှစ်ဖက်သောမိဘများနှင့် မောင်ဇော်ထွန်းနိုင်-မဆွေဆွေယု

လှမ်းမိုးသူ

အိတ်စတိုး မှ
လေယာဉ်ပျံအမြန်
ဖယ်ရာကစ်
လှပသော ဒီဇိုင်းပေါင်းစုံ
ကြံ့ခိုင်သည်။ တစ်ခုထက်ပိုမြင့်သည်။

အိတ်စတိုး မှ
စလင်းဘက်အိတ်များ၊ ခရီးဆောင်သေတ္တာများနှင့်
"ကျောင်း" ကျောပိုးအိတ်များကို

Shop (1)No. G1-2
Shop (2)No.A 11-12
Shop (3)No. SP 6,8

ရန်ကုန်မြို့၊ အမှတ် ၃၁/၃၃ လှိုင်မြင့်မိုရ်အိမ်ရာ လှိုင်မြို့နယ်နေ ကွယ်လွန်သူ ကိုသော်တာမင်း သုံးလပြည့်အား ရည်စူး၍ ဇနီး မစီစီမိုးက ဗိဝိတဒါန သံဃာ့ ဆေးရုံကြီးသို့ ထာဝရ ဆွမ်းဒေ သာပင်နှင့် ထာဝရ ဆေးပဒေ သာပင်အတွက် အလှူတော်ငွေ ကျပ်နှစ်သိန်း လှူဒါန်းရာ ဒုတိယ အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက လက်ခံရယူစဉ်။ (က-ပ)

U Aung Naing (LCCI)

L.C.C.I Level 1,2 & 3

စာရင်းကိုင် Diploma သင်တန်း

5.6.04 (Sat)

Ph : 721143, 09 5020528

မင်းကွန်းတိပိဋက ကျောင်းတော်တွင် ညစဉ် တရားပွဲများ ကျင်းပမည်

ရန်ကုန် မေ ၁၆

မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး၏ တိပိဋက=နိကာယကျောင်းတိုက်ကြီးမှ ၁၃၆၅ ခုနှစ် (၅၆)ကြိမ်မြောက် တိပိဋကရေစာမေးပွဲကြီးတွင် အောင်မြင်တော်မူခဲ့ကြသော တိပိဋကရေ တိပိဋကကောဝိဒ အရှင်ဣန္ဒပါလနှင့် တိပိဋကရေ အရှင်ဣန္ဒာစရိယ အပါအဝင် ပိဋကစာအောင်သံဃာတော် ၃၃ ပါး အရှင်မြတ်တို့အား ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကြီးကို တိပိဋကကျောင်းတော် အမှတ် ၁၂ စကားဝါလမ်း ဒဂုံမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ ညစဉ်တရားပွဲများအဖြစ် မေ ၂၀ ရက် ည ၇ နာရီတွင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အင်္ဂါသဆရာတော်၊ မေ ၂၁ ရက် ည ၇ နာရီတွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကဘဒ္ဒန္တ သီရိန္ဒာ ဘိဝံသ (ယောဆရာတော်)၊ မေ ၂၂ ရက်ည ၇ နာရီတွင် သီတဂူ ကမ္ဘာ့ ဗုဒ္ဓ တက္ကသိုလ် အဓိပတိ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ(သပိတ်အိုင်)ဆရာတော်တို့က ဟောကြားတော်မူကြမည်ဖြစ်သည်။ **(က-ပ)**

ယာဉ်တိုက်ခိုက်မှု၊ မတော်တဆဖြစ်မှုများ လျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာ ယာဉ်ပေါ်လိုက်ပါသူများ စည်းကမ်းမဲ့အမှိုက်စွန့်ခြင်း၊ ကွမ်းတံတွေးထွေးခြင်းများဝိုင်းဝန်းတားဆီး

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ၁၄ရက်နေ့ညနေ ၅ နာရီက တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးမှအခြားပြည်နယ်နှင့်တိုင်းများသို့နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများနှင့်ရန်ကုန်မြို့တွင် နေ့စဉ်သွားလာလျက်ရှိသည့် ပြည်သူများအဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် ဘတ်စ်ကားဂိတ်များ၊ ခရီးသည်တင်အဝေးပြေးယာဉ်ရပ်နားစခန်းကြီးများ၊ ဘူတာရုံများ၊သင်္ဘောဆိပ်များနှင့်လေဆိပ်တို့၌ စနစ်တကျရှိစေရေးကြပ်မတ်ဆောင်ရွက်နေမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်စေရေးကြပ်မတ်စစ်ဆေးနေမှုအခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့်ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် ကူညီဆောင်ရွက်ပေးရမည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့်မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက သက်ဆိုင်ရာယာဉ် လိုင်းများမှ ယာဉ်မောင်းများနှင့်ယာဉ်နောက်လိုက်များ ရန်ကုန်တိုင်းလမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသည့်စည်းကမ်းများလိုက်နာဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးအား အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှ ဆောင်ရွက်လျက်ရှိရာနေ့စဉ်သွားလာလျက်ရှိသည့်မော်တော်ယာဉ်များ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် လမ်းမကြီးများတိုးချဲ့ခြင်း၊ နိုင်လွန် ကတ္တရာနှင့် ထပ်ပိုးကတ္တရာများခင်းပေးခြင်း၊ (Guard Ray)များ တပ်ဆင်ပေးထားခြင်း၊ လူသွားစင်္ကြံများ ပြုပြင်ခြင်းလုပ်ငန်းများကိုအပိုင်းလိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းမကြီးများပေါ်၌ နေ့စဉ်သွားလာလျက်ရှိသည့် မော်တော်ယာဉ်များမှ ယာဉ်မောင်းများယာဉ်နောက်လိုက်များက ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းပပျောက်စေရန် သတ်မှတ်ထား သည့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလိုက်နာရမည့်အပြင် မော်တော် ယာဉ်မောင်းနှင်နေစဉ် ယာဉ်ပေါ်၌ လိုက်ပါစီးနင်းသူများကပါ လမ်းမကြီးများညစ်ပေးအစွန်းအထင်းမရှိစေရန် အမှိုက်များစည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်းများကို ဝိုင်းဝန်းတားဆီးကြရေး၊ တာဝန်ရှိသူများကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အခြားသတ်မှတ်ထားသည့် စည်းကမ်းများ ဖောက်ဖျက်သည်ကို တွေ့ရှိပါက ပညာပေးအရေးယူမှုများကို စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ကြရေးမှာကြားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၄ ရက်ကဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စောထွန်း ငမိုးရိပ်တံတား(ကမာကြည်) ပန္နက်တော်တင် ရတနာပိုင်တိုင် စိုက်ထူခြင်း အခမ်းအနားတွင် ပိုင်ရိုက်စက်ကို ခလုတ်နှိပ်၍ ရတနာပိုင်တိုင်အား ရိုက်သွင်းပေးစဉ်။
(သတင်းဖော်ပြပြီး) (ဆောက်လုပ်ရေး)

မေ၁၄ရက်က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးဦးစိုးသာ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဆီထွက်သီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းနှင့်စပ်လျဉ်း၍ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ အိုပက်ရန်ပုံငွေအဖွဲ့နှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

လှိုင်မြို့နယ် အမက(၁၇)၏ ၂၀၀၄-၂၀၀၅ပညာသင်နှစ်အတွက် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက် ပညာသင်စရိတ် ပေးအပ်လှူဒါန်းပွဲကို မေ ၁၄ရက်က အဆိုပါကျောင်းခန်းမတွင် ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ စီးပွားရေး ခေါင်းဆောင် ဒေါ်သန်းနုက ငွေကျပ် ၁၂၈၂၀၀ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုဝင်းက လက်ခံရယူစဉ်။ (၄၀၀)

ကျေးလက်ဒေသများအတွက် စက်ရေတွင်းများလှူဒါန်းနိုင်

ရန်ကုန် မေ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည်တိုင်းနှင့် ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများတူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ်၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြသည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ် သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊အသက်ရှည်ခြင်း၊အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အား ဗလကြီးမားခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းစသည့် ရေအကျိုး ၁၀ ပါးကို ဆုမတောင်းဘဲ ရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ)၊ ဖုန်း-၀၁-၂၈၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ဆွမ်းဆန်တော် လောင်းလှူပွဲကျင်းပ

ကလေး မေ ၈

စစ်ကိုင်းတိုင်း ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာတွင် ကဆုန်လပြည့်ကျော် ၅ ရက်က သာသနာ့ဓမ္မာစရိယ ပြည်တွင်း ပြည်ပမဟာစည်နာယက ကမ္ဘာ့သာသနာပြု ဗဟုဇနဟိတဓရ ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိမဟာထေရ်မြတ်အား ပူဇော်ပွဲကျင်းပသည်။

အဆိုပါ ဓမ္မသဘင်ပွဲကို ကလေးမြို့ သဒ္ဓမ္မပါလ ရာဇဂြိုဟ် သဒ္ဓမ္မပါလ အသင်းထောက်မှ ကျင်းပရာ ရပ်ဝေး ရပ်နီးမှ တရားနာပရိသတ်များ၊ တပည့် ဒါယကာ ဒါယိကာမများနှင့် စေတနာရှင်များက တရားနာကြားကြသည်။ သဒ္ဓါ ကြည်လင် ပါရမီရှင်များက ဆွမ်းဆန် ၁၅ တင်း၊ နဝကမ္မဝတ္ထု ၁၃၆၅၆၅ ကျပ်၊ ဖြူးဆရာတော်အား လှူဒါန်းကြသည်။ ထို့နောက်ဆရာတော်က ရာဇဂြိုဟ်မင်းကျောင်း ဆောက်လုပ်ရန် ဝတ္ထုငွေလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစောရွှေက လက်ခံရယူကြောင်း သိရသည်။ (က-ပ)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မေ ၁၀ ရက်က အဖွဲ့ပျိုး ဥယျာဉ်အတွင်းအရိပ်ရပင်များ၊ ပန်းအလှပင်များ ရွှေ့လျား ပန်းအိုးများစိုက်ပျိုးခြင်းနှင့် ပေါင်းမြက်များ သုတ်သင်ရှင်းလင်းခြင်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးဆန်းဝင်းတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၅၈)

သုခရင်စပါးမျိုး စံပြကွက် ရှင်းလင်းပြသ

ရန်ကုန် မေ ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း) သဲကုန်းမြို့ စိုက်ပျိုးရေးသုတေသနခြံ၌ စိုက်ပျိုးထားသည့် သုခရင်စပါးမျိုး နွေရာသီစပါးသီးနှံပန်းတိုင်အထွက်နှုန်း နည်းပညာစံပြကွက်နှင့် စပ်လျဉ်းသည့် ရှင်းလင်းပြသပွဲကို အဆိုပါ သုတေသနခြံ၌ မေ၁၀ရက်တွင်ပြုလုပ်ရာ နွေစပါးစိုက်ပျိုးသည့် ကျေးရွာ(၃၅)အုပ်စုမှ တောင်သူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးသုတေသနခြံမန်နေဂျာ ဦးသာထွန်းဦးက နွေရာသီတွင် သဲကုန်းဒေသ၌ စပါးပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် သုခရင်ကဲ့သို့ သက်လျင်အထွက်ကောင်းမျိုးများ စိုက်ပျိုးကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဝင်းက သုခရင်စပါးမျိုးအား တောင်သူများစိုက်ပျိုးနိုင်ရေး စီစဉ်ထားမှုများကို ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကြိမ်(၁၁၀)မြောက်သွေးလှူဒါန်း

ရန်ကုန် မေ ၁၆

သွေးလိုသောဝေဒနာရှင်များအတွက် မေ ၁၁ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်တွင် ဦးခင်မောင်သန်းက အကြိမ်(၁၁၀)မြောက်သွေးလှူဒါန်းခဲ့သည်။

(က-ပ)

မိုးကုတ်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရန်ပုံငွေ ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဧပြီ ၂၁ ရက်က အောင်နန်းရပ်အမက(၃၀) ရှေ့တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်၊ အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ခင်လင်းနှင့်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မေစုတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ သာယာဝတီမြို့ ဆရာစံပန်းခြံအတွင်း မြေခင်း အလှဆောင်ရွက်မှုအခြေအနေကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးတင့်ဆွေတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ဧပြီ ၂၁ ရက်က ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ ရှေးဟောင်းယဉ်ကျေးမှု မြောက်ဦးမြို့ မုခ်ဦးရှေ့ အလှပန်းအိုးများတွင် ပေါင်းမြက်ရှင်းလင်းခြင်းနှင့်အလှပန်းပင်များ စိုက်ပျိုးခြင်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဖြူးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်လည်စည်းဝေး

ဖြူး မေ ၁၂

ဖြူးမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဒုတိယအကြိမ်လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို မေ ၉ ရက်က ဖြူးမြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးမြင့်ဦး (ဖြူးမြင့်ဦး)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကျော်ဆွေဝင်းက ဆောင်ရွက်သည်။

အခမ်းအနားတွင် သဘာပတိ ဦးမြင့်ဦး(ဖြူးမြင့်ဦး)က အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို အတွင်းရေးမှူး ဦးမြင့်စိုး(မောင်မှိုင်းညို-ချောင်းဦး)နှင့် နှစ်ပတ်လည်ငွေစာရင်း ရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးယဉ်ဇော်ဦး(ယဉ်ဇော်ဦး-ဖြူး)က ဖတ်ကြားကြသည်။

ထို့နောက် နှစ်ပတ်လည်လုပ်ငန်းအစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို တက်ရောက်လာကြသော အဖွဲ့ဝင်သုံးဦးတို့က အကြံပြုဆွေးနွေးကြပြီး အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကိုအတည်ပြုကြသည်။

(၂၈၄)

အမြို့မြို့ အနယ်နယ် သတင်းများ

ကုန်းတဲဆည် ရေချမြောင်း ရေထုတ်ပြွန်တပ်ဆင်

မလှိုင် မေ ၇

မလှိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လယ်ကြီးကျေးရွာရှိ ကုန်းတဲဆည် ရေချမြောင်းသုံးခုအား အချင်း နှစ်ပေ ရေပြွန်များဖြင့် ၁၈ ပေ အရှည် ရေထုတ်ပြွန်များ တပ်ဆင်လျက် မော်တော်ယာဉ် သွားလာနိုင်ရန် တည်ဆောက်သည်။

အဆိုပါ ရေထုတ်ပြွန်များတပ်ဆင်ခြင်း၊ မြေဖို့ခြင်းလုပ်ငန်းများကို မေ၃ရက်က မြို့နယ်စည်ပင်အငယ်တန်းအင်ဂျင်နီယာ(၂)ဦးစိုးမြင့်မောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃)ဒေါ်မြတ်သက်နှင်းတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

မြန်မာ့အသံ

၁၈-၅-၂၀၀၆ (အင်္ဂါနေ့) နံနက်ပိုင်း

၀၇း၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏ မေတ္တသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရေငန်ပုစွန်မွေးမြူရေး-စစ်တွေ)
၁၁း၃၀ မြန်မာ့မှုဟန်ဇာတိမာန် ဟောပြောချက်(တိုင်းကျိုးပြည်ပြုကျေးဇူးပြုရမည့် တာဝန်) (ညွှန့်ဟံ-ကြူတော)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (အသက် ၅၀ ကျော်လျှင်-ကံချွန်)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (အတ္တကင်းသောအရိပ်)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မေတ္တာစာများ၏ အမျိုးသားရေးလက္ခဏာ)

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဇာတ်လမ်း (မမည်းသည့်အသည်း)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၀ ကမ္ဘာ့ဂီတ
၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားသမားကောင်း တစ်ယောက်ဖြစ်ရန် အခြေခံလိုအပ်ချက်များ) ဦးဉာဏ်ထွန်း(ညွှန်မှူး-အား/ကာ)
၁၇း၅၀ သောတရှင်အတွက် ပြန်ကြားချက်
၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (နို့ချိုတိုက်ကျွေး ကမ္ဘာ့ရင်သွေး ငြိမ်းအေးမျှတ ကလေးသူငယ်ဘဝ)
၂၀း၃၀ ကလေးများအတွက် လေ့လာစရာများ (ရန်ကုန်တိရစ္ဆာန်ဥယျာဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ပါ

၁။ သွေးလွန်တုပ်ကွေးရောဂါသည် အသက် (၃)နှစ်မှ (၁၄)နှစ်အထိ ကလေးငယ်များတွင် ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးရသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ရင်သွေးများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးများ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါမှကာကွယ်ရန်

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ရေအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(စ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းစွာ ထားပါ။
(ဆ) ကလေးများအိပ်ချိန်တွင် ခြင်ထောင်ဖြင့် သိပ်ပါ။
(ဇ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို မြေဖို့ပါ။
(ဈ) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများကို ရေစီးရေလာ ကောင်းအောင် ရှင်းလင်းပါ။ လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကို ယူပါ။

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။



ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ကြီးကြပ်ရေးမှူး (ဘွဲ့ရ) (ကျား) ၂ ဦး၊ (မ) ၂ ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား၊ ရပ်ကွက်ထောက်ခံစာတို့ကို အောက်ပါလိပ်စာအတိုင်း ပေးပို့ရမည်။ နယ်မှ ဖြစ်ရမည်။

လိပ်စာ – အမှတ်(၅၁၉/၅၂၀)၊ အဓိပတိလမ်းသွယ်(၁)
စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့.
ဖုန်း – ၇၀၆၅၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၈

မြန်မာနိုင်ငံသားများဘဏ်လီမိတက် နှင့်
အမှတ် ၃၈၃၊ မဟာဗန္ဓုလလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ဘဏ်၏ကိုယ်စား–ဒေါ်ရီရီစိုး–မန်နေဂျာ)

၁။ ဦးမြင့်ဆွေ
၂။ ဒေါ်ခင်ဌေး
တက်နေထွန်းစားသောက်ဆိုင်
ကျွန်းကလေးအရှေ့ဘက်ကမ်း၊
ကျွန်းကလေးအုပ်စု၊
လက်ပံတန်းမြို့။

တရားလို **တရားပြိုင်**

(ဦးမြင့်ဆွေ၊ ဒေါ်ခင်ဌေး–ယခုနေရပ်လိပ်စာမသိသူတို့ သိစေရမည်။)

သင်တို့အပေါ်၌အထက်အမည်ပါတရားလိုကကျပ်ငွေပေါင်း၁၂၅၈၇၀၇/၅၄ အပေါ် အပေါင်ဒီကရီ ငွေရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် မေ ၂၈ ရက် (၁၃၆၆ ခုနှစ် နယုန်လဆန်း ၁၀ ရက်) နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် အမိန့်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၄ ခုနှစ် မေလ ၆ ရက်နေ့တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ခင်ခင်လှ (တ/၁၅၄၄)
B.A (Law) LL.B
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

ငြင်းချက်ထုတ်ရန် သမ္မန်စာ

တရားမကျင့်ထုံး ကိုဓဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၂၆

ရိုးမဘဏ်လီမိတက် **နှင့်** ဦးဉာဏ်သိန်း
(၎င်း၏အကြီးတန်းမန်နေဂျာဒေါ်အေးအေးမြင့်) အမှတ် ၇ (တတိယထပ်)၊
F.M.I Center၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဝတ်ကျောင်းလမ်း၊ ရေကျော်၊
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ပုဇွန်တောင်မြို့နယ်။

တရားလို **တရားပြိုင်**

တရားပြိုင် ဦးဉာဏ်သိန်း(ယခု နေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ရိုးမဘဏ်လီမိတက်က ရိုးမကတ်ဖြင့် သုံးစွဲထားသော ငွေကျပ် ၁၅၉၈၆၄၀၊ ၃၇ ပြား (ငွေတစ်ဆယ့်ငါးသိန်း ကိုးသောင်းရှစ်ထောင်ခြောက်ရာ့လေးဆယ်ကျပ် သုံးဆယ့်ခုနစ်ပြားတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် မေလ ၂၈ ရက် (၁၃၆၆ ခုနှစ် နယုန်လဆန်း ၁၀ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မေလ ၁၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းဝင်းမော်
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

ဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းနိုင်
ပြည်တွင်းဖြစ်ကားပစ္စည်းဆိုင်၊ ဘုရင့်နောင်ဈေးကြီး
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၀၊ ရတနာလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်နေ ဒေါ်မြမြဝေ၏ ခင်ပွန်း ဦးဝင်းနိုင်သည် ၁၁–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဦးလှမြင့်–ဒေါ်ပြုံးပြုံးမော်
မဟာဗမာစက်မှုလက်မှု(ရေနံချောင်းမြို့)။

May မောင်နှမအတွက် မွေးနေ့ဆုမွန်လွှာ

၁၅–၅–၂၀၀၄ ရက်တွင် ကျရောက်သော ချစ်သားလေး ခန့်မင်းသန့်(ခ)ဖိုးလပြည့် (အနာဂတ်ပျိုးခင်းမူကြို) နှင့် ၁၇–၅–၂၀၀၄ ရက်တွင် ကျရောက်သော ချစ်သမီးကြီး ဝင့်မို့မို့ (အထက–၂၊ လသာ)တို့၏ မွေးနေ့မင်္ဂလာရက်မြတ်များမှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင် ကျန်းမာချမ်းသာ၍ နိုင်ငံအကျိုးသယ်ပိုးနိုင်သည့်သားကောင်း၊ သမီးရတနာများဖြစ်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်ဖေဖေ – ဦးအောင်ချစ်ခိုင်(အကောက်ခွန်)
ချစ်မေမေ – ဒေါ်ခင်မြဝင်း(ဒါရိုက်တာ)၊
(Aung Khant Khant Mining Co.,Ltd.)
ချစ်ညီမလေး – နေရည်ရွှန်း(အထက–၁၊လသာ)

အမည်ပြောင်း

ဦးနေမျိုးထွန်း၏သမီးဒဂုံမြို့သစ်(မြောက်ပိုင်း) အမက(၁၅) စတုတ္ထတန်း(က)မှ မနှင်းပွင့်အား မချမ်းမြေ့ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မချမ်းမြေ့ထွန်း။

အမည်ပြောင်း

ကျွန်တော် ဦးတင်ဝင်း၏သမီး အထက(၃) ပဲခူး နဝမတန်းမှ မမို့မို့လွင် ၇/ကဝန(နိုင်) ၁၁၇၉၇၁အား မမေသင်းဟု ပြောင်းလဲခေါ်ပါရန်။

မမေသင်း။



ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဓ/၇၈၉၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက် အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊တိုင်းရုံး(မကွေး)။**

[illegible]

အမှတ် ၁၁၊ မာလာလမ်း၊ (၈)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ် နေအိမ်နှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊မာလာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၈၁၊ မြေကွက်အမှတ် ၁၁၊ မြေဧရိယာ (၁၂ပေခွဲ X ပေ ၅၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ် ၁၁၊ မာလာလမ်းဟုခေါ်တွင်သော နှစ်ထပ်တိုက်တို့မှာ ကွယ်လွန်သူသစ်တောအရေး ပိုင် ဦးမော်ဒင်နှင့် ဒေါ်ကြည်တို့ပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပါသည်။

ယင်းမြေနှင့် အိမ်တို့မှာ ဦးမော်ဒင်–ဒေါ်ကြည်တို့၏သားများဖြစ်သော ဒုတိယဗိုလ်မှူးကြီး သောင်းတင်(ငြိမ်း)၊ ဦးစန်းလွင်နှင့် မြေးဖြစ်သူ ဒုတိယဗိုလ်မှူးကြီး အောင်ဝင်းဦးတို့သုံးဦးက အမွေဆက်ခံပိုင်ဆိုင်သော ပစ္စည်းများ ဖြစ်ပါသည်။

သို့ပါ၍ ဒုတိယဗိုလ်မှူးကြီးသောင်းတင်(ငြိမ်း)၊ ဦးစန်းလွင်၊ ဒုတိယဗိုလ်မှူးကြီး အောင်ဝင်းဦးတို့၏ သဘောတူညီမှုမရှိဘဲ ယင်းမြေနှင့်အိမ်အား လွှဲပြောင်းရောင်းချခြင်း၊ ငှားရမ်းခြင်း၊အခြားနည်းစီမံခန့်ခွဲခြင်းများ မပြုလုပ်ကြပါရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးကျော်ဇေယျ
(တရားရုံးချုပ်ရှေ့နေ)
အခန်းအမှတ် အေ/၁၄၊ အမှတ် ၅၀ (ပ–ထပ်)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မြင့်(ဟသ်ာတ)
လ/ထ တိုင်းပညာရေးမှူး(စစ်ဆေး)

ဦးမောင်မြင့် (B.Ed) အသက်(၅၇)နှစ်သည် ၁၃–၅–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ပညာရေးမိသားစု၊ ရောဝတီတိုင်း။**

Peace Myanmar Electric Co., Ltd.

ဝန်ထမ်းအလိုရှိသည်။

(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ခန့်ထားရန်။)

၁။ Drawing Engineer (B.E or A.G.T.I - M.P) (ကျား) ၁ ဦး
အသက် (၃၅)နှစ်အောက်၊ Air Con: Piping နှင့် Duct Line အား Auto Cad ဖြင့် [illegible]

၂။ Engineer (B.E or A.G.T.I - M.P) (ကျား) ၅ ဦး
အသက် (၂၅ – ၃၅)နှစ်၊ [illegible]

၃။ Engineer (B.E or A.G.T.I - M.P) (ကျား) ၁ ဦး
အသက် (၂၅ – ၃၅)နှစ်၊ Air Con: Design နှင့် Duct Design [illegible] Air Con: Installation & Trouble shoting [illegible]

၄။ [illegible] (ဘွဲ့ရ) (ကျား) ၁ ဦး
အသက် (၃၀)နှစ်အောက်၊ [illegible]

၅။ Receptionist (ဘွဲ့ရ) (မ) ၅ ဦး
အသက် (၂၅)နှစ်အောက်၊ [illegible] Computer [illegible]

၆။ Computer Operator (ဘွဲ့ရ) (မ) ၃ ဦး
အသက် (၃၀)နှစ်အောက်၊ Computer [illegible]

၇။ ယာဉ်မောင်း [illegible] (ကျား) ၅ ဦး
အသက် (၃၀)နှစ်အောက်၊ [illegible]

၈။ [illegible] (ကျား) ၃ ဦး
အသက် (၃၅ – ၄၅)နှစ်၊ [illegible]

[illegible] Peace Myanmar Electric Co., Ltd. အမှတ် ၁၃၃/၁၃၃၁ [illegible]

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၉၇၇၅ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန (ရန်ကုန်တိုင်း)။**

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ မူပိုင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်အမှုသည်ဖြစ်သော ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ ဓမ္မာရုံလမ်း၊ အမှတ် ၉၆(ဘီ) တွင် အခြေစိုက်သည့် Medlite Trading Co.,Ltd. (မြန်မာနိုင်ငံကုမ္ပဏီများ မှတ်ပုံတင်ရုံးမှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ် ၁၁၀၀/၉၇–၉၈ဖြင့် မှတ်ပုံတင်သွင်းခွင့်ပြုသည့်ကုမ္ပဏီ)မှ အောက်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို အောက်ပါမှတ်ပုံတင်စာချုပ် အမှတ်များဖြင့် ၁၉၉၉ခုနှစ်နှင့်၂၀၀၀ပြည့်နှစ်ကပင် မိမိတစ်ဦးတည်းမူပိုင် အသုံးပြုရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။



Lion Balm ပရုတ်ဆီ
မှတ်ပုံတင်အမှတ်(၃၇၄၉/၉၉)

Lion Pain Relieving Cream ဒဏ်ကြေလိမ်းဆေးအဆီ
မှတ်ပုံတင်အမှတ်(၁၅၅/၂၀၀၀)

Lion Rub ပရုတ်ဆီ
မှတ်ပုံတင်အမှတ်(၁၅၆/၂၀၀၀)

အထက်ဖော်ပြပါ Lion ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို Medlite Trading Co.,Ltd. မှ ထုတ်လုပ်သော မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့ ဆေးဝါးပစ္စည်းများ၏ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများအဖြစ် အသုံးပြု၍ ဖော်ပြပါဆေးဝါးများကို ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ဖော်ပြပါ Lion ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပပြုလုပ်၍ သုံးစွဲခြင်းမပြုရန် လေးနက်စွာ အသိပေးကြေညာအပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူခံရမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးဇင်ထွန်း
(တရားရုံးချုပ်ရှေ့နေ)
အမှတ် ၃၁/၃၃ (စတုတ္ထထပ်)၊ ၃၅ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ် ခြံအမှတ် (E-7/B) နေ
ဦးဝင်းအောင်ကျော်(ဒုတိယဌာနမှူး၊အင်ဂျင်နီယာဌာန)(လမ်းတံတား)၊
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ-ဒေါ်ဒေစီလင်း
(Chairman) LS Group Co., Ltd. တို့၏သားကြီး

မောင်သူရအောင်ကျော် B.Sc (Zoology)
Managing Director (ST&B Co., Ltd.) (KAF Co.,Ltd.)
(LIN&SONS Co., Ltd.) (Six Golden Doves Co., Ltd.)

နှင့်

မြင်းခြံမြို့၊ အမှတ်(၇)ရပ်ကွက်၊ တိုက်အမှတ် ၂၀၀ နှင့်
ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊
တိုက်အမှတ် ၄၀၁/၄၁၁ (C-၅)နေ
ဦးအောင်သိန်း-ဒေါ်ခင်ဝင်းမြင့်(မြို့နယ်သမဝါယမဦးစီးမှူး၊ငြိမ်း)
(နီလာဆန်ပွဲရုံ) တို့၏
တစ်ဦးတည်းသောသမီး

ဒေါက်တာခင်နီလာအောင် M.B.,B.S (Rgn)

တို့၏ ၅-၅-၂၀၀၄ရက်တွင် ထိမ်းမြားမင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တရားသူကြီးချုပ် ဦးအောင်တိုးအားလည်းကောင်း၊ ၁၆-၅-၂၀၀၄ ရက် နံနက်ပိုင်း Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီးဒေါက်တာဒေါ်ခင်သန်းနွယ်အား လည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး မြရတနာမိုး၊ မင်္ဂလာတေးဂီတဖြင့် ဧည့်ခံဖျော်ဖြေပေးသော Iron-Cross တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မမေသဥ္ဇာအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး မင်္ဂလာလက်စွပ်ဗန်းများကိုင်ဆောင်ပေးသော မခိုင်သဇင်ဖြိုးနှင့်မလဲ့ရည်မွန်၊ မိတ်ကပ်ဆံပင် အောင်အောင်၊ ပန်းအလှပြင် မလေးရှားသန်းမြင့်၊ လက်ဝတ်ရတနာဆင်မြန်းပေးသော စိန်ရတနာ(ဗိုလ်ချုပ်ဈေး)၊ ဓာတ်ပုံပီတာ၊ ဗီဒီယိုမောင်မောင်ညွှန့်နှင့်အဖွဲ့အားလည်းကောင်း၊၁၆-၅-၂၀၀၄ ရက်ည Traders Hotel ၌ကျင်းပပြုလုပ်သော ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရအောင်ကျော်-ဒေါက်တာခင်နီလာအောင်။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း ယာဉ်အမှတ် လ/၈၄၄၂ မော်တော်ယာဉ် လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်မြင့် နိုင်ငံသားမှတ်ပုံတင်အမှတ် S/OKA ၀၇၇၄၃၄ မှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ခရိုင်ရုံး(အရှေ့ပိုင်း)ရန်ကုန်မြို့။



လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၆ လမ်း အမှတ် ၁၉၊ အခန်း(စီ-၁) နေ
ဦးကြည်-ဒေါ်တင်ကြည် တို့၏သားထွေး
ဒေါက်တာ သိန်းမြင့်စိုး B.D.S(Ygn)
နှင့်
ကလေးမြို့ ညောင်ပင်သာရပ် ဘုရားသုံးဆူလမ်း အမှတ် ၄၃ နေ
ဦးကျော်မြင့်-(ဒေါ်ခင်ပြုံး) တို့၏သမီး
မစန္ဒာကျော် B.Sc (Chemistry)
(Oriental Leasing Co.,Ltd.)

တို့သည် ၁-၅-၂၀၀၄ ရက်တွင် တရားရုံးချုပ်၌ လက်မှတ်ရေးထိုးပြီးစီး၍ ၁၆-၅-၂၀၀၄ ရက်တွင် မဟာသန္တိသုခဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၌ မင်္ဂလာဦး ဆွမ်းကျွေးဧည့်ခံပွဲ ပြုလုပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာသိန်းမြင့်စိုး-မစန္ဒာကျော်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

A.G.T.I/G.T.I (စက်ကိုင်/စက်ပြင်) **(ကျား) ၂ ဦး**
လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရမည်။

ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်နှင့်အတူ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ ပါရှိရမည်။

လိပ်စာ-အမှတ် 107-109 အနော်ရထာလမ်းမ၊
အခန်းအမှတ်(၆၀၂)ဝါဝါဝင်းတာဝါ၊ လသာမြို့နယ်၊ ရန်ကုန်
Ph; 701862၊ 381491

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်းအကြောင်းကြားစာ
(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့ အက်ဥပဒေ ၁၁)
ရန်ကုန်အနောက်ပိုင်းခရိုင် တရားမရုံးတော်၌
၂၀၀၄ခုနှစ် တရားမအထွေထွေမှု အမှတ် ၂၈

ဒေါ်ကြူကြူသိန်း အမှတ်-၂၆၊သရဖီလမ်း၊ အလုံမြို့နယ်၊ ------**လျှောက်သူ**

မမေသဇင်မြင့် ၁၃နှစ်၊ အမှတ် ၂၆၊ သရဖီလမ်း၊ အလုံမြို့နယ်ရပ်နေ အရွယ်မရောက် သေးသော သူငယ်နှင့် ၎င်း(ပူးတွဲ)ပိုင်သောပစ္စည်း ရန်ကုန်တိုင်း အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၃ (အမ်)၊ မြေကွက်အမှတ်-၄၇၊ ဧရိယာ ၀ ဒသမ ၀၂၈(ဧက)ရှိသော မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားပိုင်ခွင့် အရပ်ရပ်အားလုံးကို ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သရဖီလမ်း၊ အမှတ်-၂၆ရပ်နေ ဒေါ်ကြူကြူသိန်းက အထက်အမည်ရေးသား ပါရှိသော အရွယ်မရောက်သေးသူ မမေသဇင်မြင့်၏အုပ်ထိန်းသူဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို (၁) အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၀၄ ခုနှစ် မေလ ၃၁ ရက် (၁၃၆၆ ခုနှစ် နယုန်လဆန်း ၁၃ရက်) နေ့တွင် ဆိုင်ဆိုရန် ချိန်းဆိုလိုက်သည်။

၂၀၀၄ ခုနှစ် မေလ ၁၂ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အုန်းမြင့် (တ/၁၇၇၆)
ဒုတိယခရိုင်တရားသူကြီး-၂
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း (၁/၂၀၀၄)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ပဌနကိုရ်ရှိအသုံးမလိုတော့သည့် တာယာအဟောင်း၇၁၀လုံးနှင့် ဘက်ထရီအဟောင်းမျိုးစုံ ၁၁၅ လုံးတို့အား မျက်မြင်အခြေအနေအတိုင်းရောင်းချမည်ဖြစ်သဖြင့် ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများရောင်းချမည့်-

- (က) **နေ့ရက်နှင့်အချိန်** - (၁၇-၅-၂၀၀၄)(ရုံးချိန် အတွင်း)
- (ခ) **နေရာ** - (၁) စီမံရေးဌာန၊ အမှတ် ၇ (က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
  (၂) ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ပဌနကိုရ်
- (ဂ) **တင်ဒါတစ်စောင်နှုန်း**-ကျပ် ၃၀၀၀/-
- (ဃ) **တင်ဒါပိတ်မည့် နေ့ရက်နှင့်အချိန်** - (၂၆-၅-၂၀၀၄)ရက်နေ့နှင့် ညနေ(၁၄:၀၀)နာရီ
- (င) **တင်ဒါပေးသွင်းမည့်တည်နေရာ**-(၁) စီမံရေးဌာန၊ အမှတ်(၇)က သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
  (၂) ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ပဌနကိုရ်

၃။ တင်ဒါပေးသွင်းသူသည် တင်ဒါဆွဲယူခွင့် စပေါ်ငွေကျပ်တစ်သိန်း (၁၀၀၀၀၀)ကို ငွေသားဖြင့် ရုံးချုပ်ဘဏ္ဍာရေးဌာနတွင်လည်းကောင်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ပဌနကိုရ်တွင်လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၄။ ဝယ်ယူခွင့်ရရှိပြီးပါကပစ္စည်းများကို နှစ်ပတ်အတွင်း မိမိအစီအစဉ်ဖြင့် ပြီးစီးအောင် ထုတ်ယူရမည်။

စီမံရေးဌာန
၇(က) သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်
ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

Mars International Co., Ltd.တွင် Merchandiser (၂)နေရာ လစ်လပ်လျက်ရှိပါသဖြင့် စိတ်ပါဝင်စားသူများ လာရောက်လျှောက်ထားနိုင်သည်။

၁။ ဘွဲ့ရ
၂။ လူသုံးကုန်ပစ္စည်းရောင်းချသည့် လုပ်ငန်းအတွေ့အကြုံ အနည်းငယ်ရှိလျှင် ပိုကောင်းသည်။
၃။ အသက် (၃၀)နှစ်ထက် မကျော်လွန်ရ။
၄။ (၃)တန်ယာဉ်အထိ ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။
၅။ နယ်၊ ညအိပ်ခရီး တာဝန်ထမ်းဆောင်နိုင်ရမည်။
၆။ ဖျတ်လက်တက်ကြွစွာ တာဝန်ထမ်းဆောင်နိုင်ရမည်။
၇။ လစာကောင်းမည်။

လျှောက်ထားသူများသည် မိမိတို့၏ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်၊ အလုပ်သမားမှတ်ပုံတင်လက်မှတ်မူရင်း၊ ယာဉ်မောင်းလိုင်စင်မိတ္တူ၊ ဓာတ်ပုံ(၃)ပုံ တို့ကို အောက်တွင်ဖော်ပြထားသည့် လိပ်စာအတိုင်း ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း အရောက်ပေးပို့ရမည်။

မား(စ်)အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်
အမှတ်(၃) လမ်းမကြီး၊ နွယ်ခွေ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။
စာတိုက်သေတ္တာအမှတ် ၈၇၁၊ ဖုန်း-၆၀၀၀၃၆၊ ၆၀၀၂၂၈၊၆၀၀၂၂၉

လူပျောက်ကြော်ငြာ

အထက်မင်းလှမြို့နေ မောင်အောင်သက်ကျော် (အဖ)ဦးအုန်းကျော်၏သား မှတ်ပုံတင်အမှတ် ၈/မလန(နိုင်)၀၇၃၆၄၀ အသက် ၁၆နှစ်ခန့်သည် ရန်ကုန်မြို့ရှိ အဒေါ်နေအိမ်သို့ အလည်လာစဉ် ၁၄–၅–၂၀၀၄ရက် နံနက် ၅း၃၀နာရီခန့်တွင် အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းတွင် အိမ်သာသို့သွားရာမှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် အကြောင်းကြားသူအား ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်–
ဒေါ်မြမြဝင်း
၃၄၊ တပင်ရွှေထီးလမ်း၊
ကျောက်ကုန်း၊ ရန်ကင်း၊ ရန်ကုန်၊
ဖုန်း–၀၁–၅၇၀၈၁၆၊ ၀၉၉၀–၆၀၉၈၂။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ကမာရွတ်မြို့နယ် ပြည်ရိပ်မွန်အိမ်ရာတိုက်ခန်းအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှရရှိထားပြီး တိုက်ခန်းနေရာချထားခြင်းလက်မှတ် ထုတ်ပေးထားပြီး ဖြစ်ပါသည်။ ယခုအခါ အဆိုပါအခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်–

စဉ်	တိုက်ခန်းပိုင်ဆိုင်ခွင့်ရှိသူအမည်	မှတ်ပုံတင်အမှတ်	နေရာချထားခံရသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးမြင့်ဆွေ	၁၂/ကမရ(နိုင်) ၀၂၆၁၁၉	

တိုက် – ၁၈
အခန်း– ၃၂

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်းတောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ရင်မေ (ရေစကြို)
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
အသက်(၈၂)နှစ်

ဒဂုံတက္ကသိုလ်၊ သမိုင်းဌာန၊ ပါမောက္ခ၊ ဌာနမှူး ဦးရဲနိုင်၏မိခင် ဒေါ်ရင်မေ(ရေစကြို) ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) အသက်(၈၂)နှစ် သည် ၁၁–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာ၊ ဆရာမများ
သမိုင်းဌာန၊ ဒဂုံတက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဦးရွှေဂွန်းလမ်း(လမ်းတို)၊ အမှတ် ၄၃ နေ ဦးမောင်မောင် [အင်ဂျင်နီယာချုပ်(လမ်း)အထက်မြန်မာပြည်] ၏ ဇနီး ဒေါ်ခင်ခင်စိန်သည် ၂၉–၄–၂၀၀၄ရက်က ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အင်ဂျင်နီယာချုပ်(လမ်း)ရုံးဝန်ထမ်းများ
(အထက်မြန်မာပြည်) မန္တလေးမြို့။

ခြံရောင်းမည်

တစ်ထပ်တိုက်၊ နာမည်ပေါက်၊ ဘိုးဘွားပိုင်
ရွှေတောင်ကြား ၁ ရပ်ကွက်၊
၇၁ ပေ x ၅၈ ပေ၊ ၄၁၄၁၊ Sq/fl
ဖုန်း–၅၄၉၁၂၄၊ ၅၄၈၁၂၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁။ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၉/ခ၊ မြေကွက်အမှတ် ၁၁/က^၁ ရာမာဆာမိအမည်ပေါက် ဘီ–လ/န ၃(ခ) မြေအား ဒေါ်ကာစီအမာက ရောင်းရန်နှင့် အမှားပြင်စာချုပ်လုပ်ရန် မြေပုံကူးခွင့် လျှောက်ထားလာရာ ရက်ပေါင်း ၃၀ အတွင်းနှင့်
၂။ ကမာရွတ်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၇၁၊ မြေကွက်အမှတ် ၈၀၈ ဒေါ်သန်းရင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဦးနေလင်း အမှတ် ၈၁၊ ၁၂၄လမ်း၊ မင်္ဂလာတောင်ညွန့်က အမည်ပြောင်းခွင့်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

ရဟန်းဒါယိကာမ
ဒေါ်ခင်ခင်ညွန့် (မုဒုံ)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊မအူကုန်းရပ်ကွက်၊ ၁၃၇ လမ်း၊ အမှတ် ၃၆နေ ဦးအောင်ကြီး(ဆည်မြောင်းဦးစီးဌာန၊ငြိမ်း)၏ဇနီး၊ (ဦးနေဝင်း)၊ ဒေါ်အေးအေးအောင်(ခ)ယင်ယင်ဝင်း(ဌာနခွဲမှူး၊ရေကြောင်းပညာတက္ကသိုလ်)၊ ဒေါ်နွယ်နီဝင်း(လက်ထောက်မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၊ ဦးအောင်မြတ်ကျော်–ဒေါ်လွင်လွင်သိန်း၊ ဒေါ်စုစုအောင် (အထက–၃၊ ဟင်္သာတ)၊ ဒေါ်ရည်ရည်မာ (ပြည်သူ့သက်စောင့်)၊ ဒေါ်ခင်လေးငယ် (လက်ထောက်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်)၊ ဦးခိုင်ထွန်းအောင်–ဒေါ်မြင့်မြင့်ကြူတို့၏မိခင်၊ မောင်ဖြိုးချစ်ခိုင်၏ အဘွားသည် ၁၆–၅–၂၀၀၄ရက် ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၈–၅–၂၀၀၄ ရက် မွန်းလွဲ၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စန်းမြင့်
(မန္တလေး)
အသက်(၅၆)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် (မြို့သစ်)၆၄x၆၅လမ်း၊ငုပြာလမ်းသွယ်၊ တ၆/၉၅နေဦးကျော်ဝင်း(လ/ထအင်ဂျင်နီယာ၊စက်မှု၊ငြိမ်း၊ယန္တယားတပ်ခွဲမြောက်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) ၏ ဇနီး၊ကိုသန်းဆွေ–မနွယ်နွယ်စန်း၊ မချိုချို သွယ်(ဆသရ)၊ ကိုအောင်ကျော်မြင့်၊ မနန်းရွှေထိုက်ရွှေစင်ဝင်း၊ ကိုသန့်ဇင်ဝင်း တို့၏ မိခင်၊ မနှင်းအိခိုင်၊ မင်းခန့်ကျော် တို့၏အဘွားသည် ၁၄–၅–၂၀၀၄ရက် တွင်ကွယ်လွန်သွားပါသဖြင့် ၁၅–၅–၂၀၀၄ရက်တွင် တောင်မြင့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းလွင်
B.Com (AA)
M.P.P.E (ငြိမ်း)
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၄၆ လမ်း၊ အမှတ် ၅ နေ (ဦးမောင်မောင်တင်)–ဒေါ်ကျင်ယုံတို့၏ သမီးလတ်၊ ဒေးဒရဲမြို့ (ဦးမောင်စိန်–ဒေါ်အုန်းကြိုင်)တို့၏ သမီး ချွေးမ၊ ဦးမိုးခက်၏ ဇနီး၊ ဒေါ်အေးအေးတင် (ထ–၄၊ဗိုလ်တထောင်)၏ ညီမ၊ ဦးမြင့်ထူး–ဒေါ်သိန်းသိန်းမြင့်တို့၏ အစ်မ၊ ကိုဝင်းထွဋ်– မစိမ့်စိမ့်စိုး (Trans Express Service)၊ မမြတ်ရည်မွန် 1 st Yr. B.Tech (IT)၊ မောင်မြတ်မိုး X(ထ–၆၊ဗိုလ်တထောင်)တို့၏ မိခင်၊ မစိမ့်ဝတီထွဋ်၏ အဘွားသည် ၁၆–၅–၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၈–၅–၂၀၀၄ရက် (အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်
အသက်(၇၇)နှစ်

အဖျောက်မြို့(ဦးမောင်ချမ်း–ဒေါ်အေးလှ)တို့၏သား၊ (ဦးထွန်းဖေ–ဒေါ်လုံ)တို့၏ သားသမက်၊ အမှတ် ၆/ခ၊ ရွှေယင်းမာလမ်း၊(၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်တင်လှ၏ ခင်ပွန်း၊ ဦးမောင်မောင်သန်း– ဒေါ်သိန်းသိန်းဝင်းတို့၏အစ်ကို၊ ဒေါ်မြမြ(ခ) ဒေါ်အေးအေးခိုင်–ဦးချိုဝင်း၊ (ကိုမောင်မောင်လှ)၊ ဦးသိန်းဇော်–ဒေါ်ဥမ္မာရွှေ၊ ဦးလှဘော်– Akamatsu Michiko San တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး၊ တူနှစ်ယောက်တို့၏ဘကြီးသည် ၁၅–၅–၂၀၀၄ရက် (စနေနေ့) ည ၁၁း၂၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၅–၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်နော်ဘာသာ
(GS/SGS ၊ ငြိမ်း)
အသက်(၇၆)နှစ်

အင်းစိန်မြို့နယ်၊နံ့သာကုန်းရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် ၁၅ နေ ဦးဖိုးကျော်–ဒေါ်နှင်းပွင့်တို့၏ သမီး၊ ဦးမောင်မောင်ကြီး (B.A, R.A)၏ ဇနီး၊ ဦးထွန်းအောင်ကျော်– ဒေါ်နှင်းယဉ်ယဉ်၊ ဦးဆန်းမောင်၊ဦးစံသူ (GM.ံဟန်စိန်သန့်ကုမ္ပဏီ)–ဒေါ်မိုးမိုးခိုင်၊ဦးအောင်သူ–ဒေါ်အေးအေးမာတို့၏ မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊မြစ်တစ်ယောက်၏ ဘွားဘွားကြီးသည် ၁၆–၅–၂၀၀၄ ရက် မွန်းလွဲ၁၂း၃၀နာရီတွင် အထွေထွေရောဂါကုဆေးရုံ သစ်ကြီးတွင်ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့်၁၈–၅–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်ကရင်နှစ်ခြင်းခရစ်ယာန် အနီးသာသနာနယ် ရေဝေးသုသာန်တွင် ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သောင်းစိန်
မြို့နယ်သ/မဦးစီးဌာန(ငြိမ်း)
(စစ်တွေ)
အသက်(၅၇)နှစ်

စစ်တွေမြို့၊ ဘောင်းဒွတ်သားစုရပ်နေ (ဦးအောင်သာဘန်း–ဒေါ်စိန်လှ) တို့၏သမီးကြီး၊စစ်တွေမြို့၊အိုးတန်းရပ်နေ (ဦးအောင်ချမ်းသာ–ပြည်နယ်ဥပဒေရုံး)၏ဇနီး၊မမြမြဝေ(အလပြ၊အမက–၅၊ အိုးတန်း)၊ ကိုဇော်ဝင်းအောင်(Summit Parkview Hotel)–မခင်မိုးမိုး (Summit Parkview Hotel)၊ ကိုမောင်မောင်စော(ရခိုင်တန်ဆောင်ပညာရိပ်မွန်)–မမြမြအေး (စာရင်းစစ်၊ ရခိုင်ပြည်နယ်စာရင်းရုံး)၊ ကိုဇော်မင်းအောင်(ဒုစုံစမ်းရေးမှူး၊ စစစ)–မတင်တင်လှိုင်(စာရင်းကိုင်–၃၊စစ်တွေတက္ကသိုလ်)၊ ဒေါက်တာမြမြသန်း(ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ စစ်တွေ)တို့၏မိခင်၊ ကောင်းကျော်သိုက်၏အဘောင်ရင်သည် ၁၄–၅–၂၀၀၄ရက် (သောကြာနေ့)တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၅–၅–၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမ
မစိုးစိုးမာ
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃/၅၊ ထီးတန်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးဟုတ်ရှောင်) – ဒေါ်တင်မြင့်တို့၏ သမီးထွေး၊ ဦးထွန်းကြည် – ဒေါ်ပဲ (သာမည သစ်သီးပွဲရုံ၊ သီရိမင်္ဂလာဈေး) (ဦးမောင်မောင်အေး) – ဒေါ်လှလှဝင်း၊ ဦးဘိုလေး–ဒေါ်ညွန့်ညွန့်(သိမ်ကြီးဈေး Dရုံ)၊ ဦးမောင်မောင်စိုး–ဒေါ်ကျင်စန်း၊ ဦးဇော်ဝင်း–ဒေါ်ခင်စန်းအေး၊ ဦးမောင်မောင်အေး–ဒေါ်ခင်အေးဝင်း၊ ဦးကျင်စွိ–ဒေါ်ခင်ခင်ဦး၊ ဦးအောင်လှိုင်ထွန်း–ဒေါ်ချိုချိုမာတို့၏ ညီမငယ်သည် ၁၆–၅–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၅–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယကာကြီး
ဦးရွှေမျိုး
(နတ်တလင်း)
B.A,B.L,D.M.A, B.C.S,
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
တရားရုံးချုပ်
အသက်(၈၀)

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်းနှင့် ၃၈ လမ်းထောင့်၊ တိုက် ၁၀၄–၁၁၂၊ အခန်း ၁၆၊ (ပထမထပ်)နေ (ဦးဘိုးမောင်–ဒေါ်မြသစ်) တို့၏သား၊ (ဦးကျော်ခင်–ဒေါ်ပု)၊ (ဦးစိန်အေး)–ဒေါ်သန်းရှင်၊ ဦးစိန်ချော (တိုင်းမင်းကြီး၊ ငြိမ်း) – (ဒေါ်မြနွဲ့)၊ (ဦးမောင်တင်–ဒေါ်ပု)၊ (ဒေါ်လေး)၊ (ဒေါ်အေး–ဦးအောင်သင်)၊ ဦးမောင်ဆင်–ဒေါ်ခင်ရွှေ၊ (ဦးထွေးရင်–ဒေါ်တင်တင်ကြည်) တို့၏အစ်ကို/ညီ/မောင်၊ ဒေါ်တင်လှိုင်(ခ) ဒေါ်နီ၊ ဦးငွေအောင် (တရားရုံးချုပ်) – ဒေါ်ခင်မာဝင်း (အထက၊ နတ်တလင်း) တို့၏ ဖခင်၊ မဆုဆုစံ၏အဘိုးသည် ၁၃–၅–၂၀၀၄ ရက် (ကြာသပတေးနေ့) ည ၁၀း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၅–၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pi Cia Cuai
အသက်(၇၂)နှစ်

ချင်းပြည်နယ်၊ ဖလမ်းမြို့နေ (Pu Tawk Lio -Pi Za Kip Cuai) တို့၏ သမီးလတ်၊ (Pu Ral Sai Lo)၏ဇနီး၊ (Pu Khaw Nei Sum - Pi Thla Hngel) တို့၏ ညီမ၊ Pi Ngun Men Tial၏ အစ်မ၊ (Capt. Biak Hlei Thang) - Daw Tuan Nei Thluai ၊ Daw Biak Nei Man-U Cia Hmung ၊ Daw Hrin Nei Thiam(လက်ထောက်ညွှန်မှူး၊ မိုး/ဇလ၊ ရန်ကုန်)၊ U Van Lal Sak - Daw Fung Tlem၊ Tha Nei Sum ၊ Daw Tha Men Thluai - Dr. Pum Sian Mung၊ U Van Tuah Piang - Isareli၊ Daw Sui Nawn Par -ဦးကောင်းစိန်တို့၏မိခင်၊ မြေး ၂၀ ယောက်တို့၏ အဘွားသည် ၁၆–၅–၂၀၀၄ရက် နံနက် ၁၁း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇–၅–၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် ချင်းနှစ်ခြင်း ခရစ်ယာန်အသင်းတော်၊ ၁၂၅၊ဗားဂရာလမ်း၊ စမ်းချောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်မြမြ
(ဇီးကုန်း)
အသက်(၇၀)

ဇီးကုန်းမြို့(ခတ်မီးစက်ဦးကျော်ဇံ–ဒေါ်ရီ)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သန်လျင်တံတား အိမ်ရာစီမံကိန်းဝင်း၊ ပိတောက်လမ်း၊ အမှတ်၁၈၅နေ(ဦးကြည်းမြင့်၊MEPE)၏ဇနီး၊ ဦးမောင်မောင်သန်း–(ဒေါ်သန်းသန်းဝင်း)၊ ဦးဇော်သန်း(မြောက်ပိုင်းခရိုင်မှူး၊ အင်ဂျင်နီယာဌာန၊ လမ်း/တံတား၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ Dr.ဦးဝင်းမြင့်–ဒေါ်သဇင်သန်း၊ (ဦးလှိုင်သန်း)– ဒေါ်လှလှတိုးတို့၏မိခင်၊ပွင့်ပပသန်း(Forever Group)၊ မေသဇင်မြင့်၊ အောင်ပြည့်ဦး၊ ထွန်းဝင်းမြင့်၊ နှင်းနှင်းဦးတို့၏အဘွားသည် ၁၄–၅–၂၀၀၄ရက် မွန်းလွဲ ၂း၀၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၅–၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)။

ကျန်ရစ်သူမိသားစု

ဦးသန်းထွန်း
အထက်တန်းဆိပ်ကမ်းမှူး
(အငြိမ်းစား)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အသက်(၈၂)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၆၊ အခန်း ၅၂နေ ဒေါ်ခင်သိန်း၏ ခင်ပွန်း၊ ဦးမြင့်သန်း (ဆိပ်ကမ်းအာဏာပိုင်)–ဒေါ်အေးအေးသန်း၊ ဦးမြင့်လွင်–ဒေါ်မြင့်မြင့်စန်း၊ ဒေါ်အေးအေးမူ(ဆည်မြောင်း၊ ရုံးချုပ်)၊ ဒေါ်ဝင်းဝင်းတင်၊ ဦးကျော်မင်းဦး–ဒေါ်စန်းစန်းနု၊ ဦးမြင့်ခိုင် (ဈေးတာဝန်ခံ)– ဒေါ်စန်းစန်းမူ၊ (ဦးမြင့်နိုင်)၊ (ဦးမြင့်ထွေး)– ဒေါ်မိမိလေး၊ ဦးမင်းမင်းစိုးဘိုဘို(ဂလိုဂွန် ကုမ္ပဏီ)– ဒေါ်ခင်မြတ်မော်တို့၏ ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁၅–၅–၂၀၀၄ ရက် ည ၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇–၅–၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်မွေး
(ပုသိမ်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၉၆/ခ၊ ဗိုလ်စောဦး ၄ လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ (ဦးဘွန်ရုံ)၏ ဇနီး၊ဒေါ်တင်အေး(တက္ကသိုလ်များသမိုင်းသုတေသနဌာန၊ ငြိမ်း)၊ (ဦးသောင်းထွန်း)–ဒုရဲမှူးဒေါ်တင်စိန် (သတင်းတပ်ဖွဲ့)တို့၏ မိခင်၊ ဦးဆန်းလင်း–ဒေါ်သင်းသင်းလှိုင်၊ ဦးအောင်ကျော်ငြိမ်း–ဒေါ်အေးသီဂီထွန်း၊ ဦးခင်မောင်ဖြူ–ဒေါ်ဝင်းစန္ဒာထွန်း၊ ဦးသန်းမင်းထွန်း(E.F.R Holding)–ဒေါ်တင်တင်ဆင့်၊ မောင်မျိုးကိုကိုအောင်တို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၅–၅–၂၀၀၄ ရက် မွန်းလွဲ ၁း၅၅နာရီတွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၇–၅–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှရီ
(ချစ်စရာဟိုတယ်)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၆၄နေ ဦးလုံးတင်၏ဇနီး၊ ဦးခင်မောင်လွင်–ဒေါ်သွယ်သွယ်၊ ကိုမောင်မောင်လွင်–မတင်စန်း၊ ကိုမျိုးနိုင်–မအေးအေးလွင်၊ ဒေါက်တာခင်အေးလွင်၊ ကိုညီညီလွင်–မမွှေးမွှေး၊ မချိုချိုလွင်၊ ကိုကျော်ဆန်းလွင်၊ မဥမ္မာဝင်း၊ ကိုထွန်းထွန်းလွင် တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် သင်္ဃန်းကျွန်းနေအိမ်၌ ၁၄–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈–၅–၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်)။ကျန်ရစ်သူမိသားစု။

ဦးဖုန်းမို
လက်ထောက်အင်ဂျင်နီယာ၊
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊
ဝေါမြို့နယ်
အသက်(၅၈)နှစ်

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့၊ သုံးပင်ကွင်းရပ်နေ ဦးသောင်း–(ဒေါ်အုံးခင်) တို့၏သား၊ ဟင်္သာတမြို့၊ ရန်ကင်းကွက်သစ်နေ (ဦးကွန်းရှိန်–ဒေါ်စိန်နွဲ့) တို့၏သားသမက်၊ ပုသိမ်မြို့၊ အရှေ့နှစ်ထောင်တန်ရပ်ကွက်၊ ၄ လမ်းနေ ဒေါ်ခင်စောမြင့်၏ခင်ပွန်း၊ ဦးမင်းတပ်မောင်– ဒေါ်ဝင်းဝင်းသင်း၊ ဦးမျိုးမြင့်ဇော်–ဒေါ်တူးတူးတို့၏ဖခင်၊ မဟေမန်မင်းတပ်၊ မောင်နေဦးလှိုင်တို့၏ အဘိုးသည် ၁၀–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့၊ ဖားကန်သုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းရင်
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊အမှတ်၅၉၊လေးထောင့်ကန်လမ်းနေ (ဦးဘလှိုင်–ဒေါ်ငယ်မ)တို့၏ သမီး၊ (ဦးပါ)၊(ဒေါ်လှရင်)တို့၏ညီမ၊ (ဦးထွေးဖေ)၏ ဇနီး၊ ဒေါ်အေးမိ–ဦးကျော်ကျော်(အင်/ယာမှူးကြီး၊ပြည်သူ့လုပ်ငန်းရုံးချုပ်)၊ ဒေါ်ခင်စု–(ဦးကျော်စိုးခိုင်)၊ ဒေါ်တိုးရီ(လ/ထအင်/ယာ၊ ဗိသုကာ၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးချုပ်)–ဦးတင်ထွန်းမြင့်(ဗိသုကာ)၊ ဦးမြင့်သိန်း(ဦးစီးအရာရှိ၊ဆ/မ၊တိုင်းတာရေး)– ဒေါ်သန်းသန်းလှ၊ ဒေါ်ကြူကြူ–ဦးဝင်းဇော်(နိုင်ငံခြားရေးဝန်ကြီးဌာန) တို့၏မိခင်၊ ဒေါက်တာမိုးကျော်ကျော်၊ မရတနာကျော်–ကိုလွင်မိုး(ပညာအလင်းပြ)၊James Kawံမခိုင်ဦးမြင့်(IAD)၊ မဆွေဦးမြင့်၊ မအိန္ဒြာအောင်(B.E, Electronic)၊ မလဲ့ဝင်းစု(Sedona Hotel Sales)၊ မမြင့်ကေခိုင်(UFL)၊ မောင်ခန့်ကိုကိုတို့၏အဘွား၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၅–၅–၂၀၀၄ရက် နံနက်၁၀း၂၂နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၇–၅–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြဟန်(ခ)
ဦးအီစွတ်
အသက်(၇၇)နှစ်

အမှတ်၄၇၊ ကင်မွန်းခြံ၊ ကန်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးဆင်–ဒေါ်အေးယုံ)တို့၏သား၊ (ဦးလှချစ်–ဒေါ်စိန်ညွန့်)တို့၏ သားသမက်၊ (ဦးလွန်းခင်–ဒေါ်ချိုချို)တို့၏မောင်၊ ဒေါ်အုံး၏ ခင်ပွန်း၊ ဦးစိုးမြင့် (စက်ပြင်၊စည်ပင်)–ဒေါ်သန်းသန်းအေး၊ ဦးခင်မောင်သန်း (လျှပ်စစ်၊မီးရထား)– ဒေါ်ကြည်ကြည်ဝင်း(တပ်ချည်/ထည်၊သမိုင်း)၊ ဦးတင်မောင်သန်း–ဒေါ်မြင့်မြင့်ကြည်၊ ဦးအောင်ကြူ၊ ဦးမျိုးအောင်(ခ)ကိုဖြိုး၊ (ကိုဖြိုးအောင်)၊ ကိုဝင်းအောင်–မမြင့်မြင့်အေး၊ မအမာအေး(အနောက်ပိုင်းတက္ကသိုလ်)၊ ကိုကျော်ကျော်–မရီရီစန်း၊ကိုစန်းအောင်–မမိုးမိုးကြည်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၅–၅–၂၀၀၄ ရက် (စနေနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇–၅–၂၀၀၄ ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်ဇော်သိမ်း
B.Ag
ဒု–ကြီးကြပ်ရေးမှူး၊
မြို့နယ်စိုက်ပျိုးရေးမန်နေဂျာရုံး၊
သန်လျင်
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလရပ်ကွက်၊ တိုက်ဟောင်း ၂၊ အခန်း ၁၅ နေ ဦးမျိုးသန့် (ရန်ကုန်သတင်းစာ၊အယ်ဒီတာ)၊ ဦးအဂ္ဂဝံသ(မဟာစည်မြဝတီသာသနာ့ရိပ်သာ၊ ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်း)၊ ဒေါ်တင်ကြည်တို့၏သား၊ ဦးရဲမြင့်သိမ်း (ပင်လောင်းမြို့နယ်တာဝန်ခံ၊ UNDP)–ဒေါ်နန်းမိုဟွမ်၊ ဒေါ်ကြည်ကြည်သိမ်း (ကပရ၊ရုံးချုပ်)၊ ဒေါ်ချိုချိုသိမ်း (ဒဂုံမြို့နယ်၊စည်ပင်)၊ ဒေါ်သီတာသိမ်း (အထက–၂၊ ဗဟန်း)တို့၏ ညီ/မောင်၊ (ဦးအောင်မျိုးသိမ်း)၏ အစ်ကို၊ဆုရည်ဖြိုး(2nd Yr;B.Tech,Civil)၊ သီသီသော်(3rd Yr.Eco)တို့၏ဦးလေးသည် ၁၅–၅–၂၀၀၄ရက် (စနေနေ့)ည ၁၁း၅၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၇–၅–၂၀၀၄ ရက် (တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

ပုဂံထိပ်သီးအစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်အကောင်အထည်ဖော် မြန်မာနိုင်ငံအတွင်း အခြေခံအဆောက်အအုံများတိုးတက်ဖြစ်ထွန်းရေး ပူးပေါင်းဆောင်ရွက်သွားရန်စီစဉ်လျက်ရှိ မြန်မာ–ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအကောင်အထည်ဖော်ရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁၆

မြန်မာ–ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအကောင်အထည်ဖော်ရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ဆွေးနွေး မှာကြားသည်။ (အပေါ်ပုံ)

ညှိနှိုင်းအစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေး ကြရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးမှာ ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ ပုဂံမြို့၌ကျင်းပခဲ့သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ထိုင်း လေးနိုင်ငံထိပ်သီးအစည်းအဝေးက ဆွေးနွေးဆုံးဖြတ်ချမှတ်ခဲ့သည့် သဘောတူညီချက်များအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

ယနေ့ထုတ်ခေါင်းရေ ၁၉၈၀၀၉

အရှေ့တောင်အာရှလူငယ်ဘော်လီဘောပြိုင်ပွဲ မြန်မာလူငယ်အမျိုးသားအသင်းပါဝင်ယှဉ်ပြိုင်ရန်ပြင်ဆင်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၆

(၁၃)ကြိမ်မြောက် အရှေ့တောင်အာရှလူငယ်(အမျိုးသား)ဘော်လီဘောပြိုင်ပွဲကို ၂၀၀၄ ခုနှစ် ဩဂုတ်လနောက်ဆုံးပတ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ရာ အစဉ်အလာရှိသော မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ လူငယ်လက်ရွေးစင်အမျိုးသားအသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို နှစ်နှစ်တစ်ကြိမ် ကျင်းပပြီး မြန်မာလူငယ်ဘော်လီဘော(အမျိုးသား)အသင်းအနေဖြင့် ၁၉၉၂၊ ၉၄၊ ၉၆ တို့တွင် သုံးကြိမ်ဆက်တိုက် ရွှေတံဆိပ်ရရှိပြီး ချန်ပီယံဆုဖလားကို အပိုင်ရရှိထားသည့်အသင်းဖြစ်သည်။ မြန်မာလူငယ်လက်ရွေးစင်အသင်းသည် အရှေ့တောင်အာရှလူငယ်ဘော်လီဘောပြိုင်ပွဲ အကြိမ်(၁၀)ကြိမ်မြောက်အထိ လေးကြိမ်ပါဝင်ယှဉ်ပြိုင်ခဲ့ရာ သုံးကြိမ်ရွှေတံဆိပ်ရရှိပြီး တစ်ကြိမ်ငွေတံဆိပ် ရယူပေးနိုင်ခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ●

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က **Myanmar Optic Co., Ltd.** ကိုယ်စား အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးပိုင်က လှူဒါန်းသော ငွေကျပ် ၃၉ သိန်းတန်ဖိုးရှိ သားရေတုလက်ဆွဲအိတ် အလုံး ၂၀၀၀ ကို လက်ခံယူစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံဂုဏ်ပြုကြိုဆို အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၆

၂၀၀၄ ခုနှစ် မေ ၁၇ ရက်တွင် စတင်ကျင်းပမည့် အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သန်းငြေး၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်သိန်းထွန်း၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်၊

စာမျက်နှာ ၁၂ ကော်လံ ၄ ❐